# သံလိုက်ဆရာတော်

ဟောကြားဆုံးမ
နည်းလမ်းပြတော်မူသော

# ဒိဋ္ဌိဝိစိကိစ္ဆာ

အသိနှင့်ခွါ၍ အားထုတ်ရသော

# ဝိပဿနာ

အလုပ်တရား

ပဌမအဆင့်

၄. ၃၆၄
သလ

# သံလိုက်ဆရာတော်

ဟောကြားဆုံးမ
နည်းလမ်းပြတော်မူသော

# ဒိဋ္ဌိဝိစိကိစ္ဆာ

အသိနှင့်ခွါ၍ အားထုတ်ရသော

# ဝိပဿနာ

အလုပ်တရား

ပဉ္စမအဆင့်

# နိဒါန်း

**နမော တဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

ဆရာတော် ဤမျှလောက် အပင်ပန်းခံကာ၊ အသိတရားနှင့်အောင် ထိုးထိုးထွင်းထွင်း ဟောတော်မူသော အလုပ်စဉ်တရားတော်များကို အစမှအဆုံးအထိ၊ လေးလေးစားစား ဖတ်ရှုတော်မူနိုင်ကြပါစေ၊ ဖတ်သည့်အတိုင်းနားလည်ကြပါစေ၊နားလည်သည့်အတိုင်း အားထုတ်နိုင်ကြပါစေဟု—ဆုတောင်းပါသည်။

ဤစာအုပ်ပါတရားများမှာ၊ ဆရာတော်ဟောသည့်ပင်ကိုယ်အတိုင်းကူးယူရေးသား ရိုက်နှိပ်ထားခြင်းဖြစ်၍၊ စကားလုံးအထားအသို ရှေ့နောက် နှစ်ကြိမ်ထပ်-သုံးကြိမ်များကိုဟောသည့်အတိုင်းပင်ထည့်သွင်း ရိုက်နှိပ်ခြင်းဖြစ်ရာ တခါတရံ စာဖတ်ရာ၌ ၊မချောမမော မပြေမပြစ်ရှိခဲ့ပါလျှင်၊ ရေးတရားမဟုတ်၊ ဟောတရားမှကူးခြင်းမျှသာဟု မမေ့ကြရန် သတိချပ်တော်မူကြစေလိုပါသည်။

ကူးရေးသူ

ဦးပဏ္ဍိတ

# မာတိကာ


| ရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ။ | ၁၃၃၂.ခု နယုန်လဆန်း(၈)ရက်နေ့ ဟောကြားသော တရားတော် .... .... .... | ၅ |
| ၊ | ၁၃၃၂ ခု နယုန် လဆန်း(၁၅)ရက်နေ့ ဟောကြားသော တရားတော် .... .... .... | ၁၄ |
| ။ | ၁၃၃၂ ခု နယုန်လဆုပ် (၈)ရက်နေ့ ဟောကြားသော တရားတော် .... .... .... | ၃၁ |
| ။ | ၁၃၃၂ . နယုန် လဆုပ်(၁၄)ရက်နေ့ ဟောကြားသော တရားတော် .... .... .... | ၄၇ |

# စိတ္တာနုပဿနာရှုနည်း

## အပြင်ညွှဲသည် ၆-ယောက်

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ် တောစိတ်။

## အတွင်းညွှဲသည် ၅-ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

## အိမ်သည်စိတ် ၂-ခု

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

**သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊**
**သမ္မာသတိ၊ သမ္မာသမာဓိ။**

ဂင်း(၅)ခုသည် ရှုတတ်သော တရားများဖြစ်၏။ ရှုပုံနည်းစနစ်မှာ အိမ်သည်ကိုအမြဲထား၍ ဖြစ်ပျက်ရှုပါ၊ အိမ်သည်ပါက အပြင်ညွှဲသည် အတွင်းညွှဲသည် ပေါ်ရာကိုရှုပါ။
ညွှဲသည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ။

# ဝိပဿနာအလုပ်တရား

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

## သံလိုက်ဆရာတော်

ဟောကြားဆုံးမ နည်းလမ်းပြတော်မူသော တရားတော်

## ၁၃၃၂ ခု-နယုန်လဆန်း(၈)ရက်

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝ ဓမ္မာနံ နာမမတ္တံ နနာယတိ။
(ဝိနည်းပါဠိတော်)

(အနက်)။ ။ဗုဒ္ဓါဒိစ္စေ။ ဘုရား တည်းဟူသော နေမင်းသည်၊ အနုဂ္ဂတေ။ မပေါ်ထွက်သော်၊ ဗုဒ္ဓစန္ဒေ။ ဘုရားတည်းဟူသော လမင်းသည်၊ အနုပ္ပန္နေ။ မဖြစ်ပေါ်လာသည်ရှိသော်၊ တေသံ သဘာဝ ဓမ္မာနံ။ ထိုပရမတ္ထသဘာဝတရားတို့၏၊ နာမမတ္တံ။ အမည်မျှကိုသော်လည်း နနာယတိ။ သိရမည်မဟုတ် (ဝါ) မသိနိုင်ကုန်။

(မြန်မာ)။ ။တကာကြီးဦးစိန်း (ဘုရား)။

ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခ၊ ပရမတ်အနတ္တ၊ ပရမတ် တို့မှာ ဘုရားပွင့်၍ဟောတော်မူမှ ကြားဘူးကြရတာ။ (မှန်ပါဘုရား)။

ကြားဘူးရုံမျှလည်း၊ လူတိုင်းလူတိုင်း အတတ်ဒိဋ္ဌ မသိနိုင်ကြဘူး။ (မှန်ပါဘုရား)။

ရဟန္တာတို့ကို စာသင်၍ ပေးနေသော၊ ပေါဋ္ဌိလနှင့် မဟာနာဂမထေရ်မြတ်များတို့တောင်မှ၊ မသိနိုင်သည်ကိုထောက်....။

(မှန်ပါဘုရား)။

ထို့ကြောင့်-တကာကြီးဦးစိန်း(ဘုရား)။

ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခ၊ ပရမတ်အနတ္တ ဆိုတာ မြတ်စွာဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ဟု ကျမ်းဂန်က ဆိုသည်။ (မှန်ပါဘုရား)။

တကာကြီးဦးစိန်း။ (ဘုရား)

ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခ အစစ်အမှန်ကိုသိမှ ပရမတ်အနတ္တအစစ်ကိုသိနိုင်တာ။ (မှန်ပါဘုရား)။

ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခကိုလည်း ဘုရားမှဟောနိုင်တာ။

(မှန်ပါဘုရား)။

ဒါဖြင့် သာသနာ ပမှာ သိနိုင်တယ် ဆိုတဲ့ - အိုးကွဲတယ်၊ လူသေတယ်ဆိုတဲ့ - သမုတိအနိစ္စမျိုး၊ ဆူးစူးတယ်။ ခေါင်းကိုက်တယ်။ သူဖျားတယ် ဆိုတဲ့—သမုတိ ဒုက္ခမျိုးတို့ကို သိရခြင်းဖြင့် ပရမတ်အနတ္တအစစ်ကို မသိနိုင်ဘူး။ (မှန်ပါဘုရား)။

ဒါဖြင့် အရင်ကမရှိဘူးဘဲ၊ ယခုမှပရမတ္ထ သဘာဝအားလျော်စွာ ရုတ်တရက်ဖြစ်ပေါ်လာပြီး၊ ချက်ခြင်း ချုပ်ပျောက်ရသော ပရမတ်အနိစ္စ။ (မှန်ပါဘုရား)

ထိုအနိစ္စတို့ဖြင့် မပြတ်နှိပ်စက်ခြင်းခံရသော ပရမတ်ဒုက္ခ။

(မှန်ပါဘုရား)။

အဲဒီ ပရမတ် အနိစ္စ၊ ဒုက္ခမျိုးတို့ကို မြင်ရမှ ပရမတ်အနတ္တအစစ်ကိုမြင်နိုင်တာ။ (မှန်ပါဘုရား)။

အဲဒီလိုမျက်စေ့တမှိတ်အတွင်း အစဉ်မပြတ်ဖြစ်ပျက်နေတဲ့ ပရမတ်အနိစ္စ။ (မှန်ပါဘုရား)။

ထိုအနိစ္စကြောင့် ဖြစ်ရသော ပရမတ် ဒုက္ခ မျိုး ကိုလည်း မဟာဝိပဿနာကို မှန်ကန်သောနည်းအတိုင်း၊ အပတ်တကုတ် ကြိုးစားအားထုတ်၍ နေသောယောဂီမှသာ သိမြင်နိုင်တာ။

(မှန်ပါဘုရား)။

ဒါဖြင့် ဝိပဿနာတရားကို လက်တွေ့ နည်းအားဖြင့် ရေးသားထားသော ကျမ်းများကိုလည်း အလေးမမူ၊ ကျကျနန ပြသနေသော ကမ္မဋ္ဌာန်းကျောင်းများလဲ သွား၍အားမထုတ်ဘဲ၊ကိုယ့်အိမ်မှာကိုယ် စဉ်းစား၍ နေကြသော သူများသည်၊ ပရမတ္ထသစ္စာနယ်ကိုမရောက်ဘဲ၊ သမုတိ သစ္စာနယ်၌သာ တဲလယ်လယ်နှင့်ဖြစ်နေတယ်။ (မှန်ပါဘုရား)။

အဲဒီတော့ သစ္စဉာဏ်၊ ကိစ္စဉာဏ် ကတဉာဏ်တွေကိုရနိုင်တဲ့ ပရမတ်ရုပ်နာမ်တွေကိုသိနိုင်တဲ့ဘုရားသာသနာအခွင့်းမှာ လူ့ဘဝကိုရပါလျက်၊ အဲဒီဉာဏ်တွေကို အဲဒီရပမတ် ရုပ်နာမ်ပေ့ကိုသိအောင် ရအောင် လုပ်ကိုင်အားထုတ်မှု မရှိဘဲ အပါယ်လေးပါးအတိုးပေးလျက်၊ အသက်တွေများပြီး သေရမယ်ဆိုလျှင်။ တကာကြီးဦးစိန်းအကျိုးများပါမလား။ (မများပါဘုရား)။

ကိုင်း ဒါဖြင့် များအောင် လုပ်ကြစို့၊ သောတာပတ္တိမဂ်ဟာ မဂ်လေးတန်မှာ ပဌမမဂ်ဆိုတာ လူတိုင်းသိပြီးသား ဖြစ်ပါတယ်၊ ဒီပဌမမဂ်က ဘယ်သူ့ကိုသတ်ရမတုန်း၊ ဘယ်သူ့ကို သတ်မှ ပဌမမဂ်သည် အောင်မြင်ခြင်းသို့ ရောက်သလဲ...လို့ မေးဘို့ လိုပါတယ်။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာသတ်မှ ပဌမမဂ်က အောင်မြင်းခြင်းသို့ရောက်တယ်။ တကာကြီးဦးစိန်း။ (ဘုရား)။

မေးရင်ဖြေပေတော့။ (မှန်ပါဘုရား)။

ပဌမမဂ်က ဒိဋ္ဌိဝိစိကိစ္ဆာ မသတ်ဘဲနဲ့ ပဌမမဂ်၏ စွမ်းရည်သတ္တိသည် ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်မှသာ ရောက်နိုင်တယ်၊ဒိဋ္ဌိဝိစိကိစ္ဆာ

သတ်မှသာလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တယ်။ ဒိဋ္ဌိဝိစိကိစ္ဆာ မသတ်လို့ရှိယင် ပဌမမဂ်သည် ရလဲမရနိုင်။ ခန္ဓာကိုယ် ထည်းမှာလဲ မပေါ်နိုင်၊ ထိုကဲ့သို့ မပေါ်နိုင်သောကြောင့် နိဗ္ဗာန်လဲမျက်မှောက် မပြုနိုင်။ကိုင်းဒါဖြင့် ပဌမမဂ်၏အလုပ်ဟာ ဘာလုပ်ရမှာတုန်း ဆို တော့ ဒိဋ္ဌိသတ်ဘို့အလုပ်။ ဒါသေသေချာချာမှတ်ထားပါ။

(မှန်ပါဘုရား)။

ပဌမမဂ်ရချင်ယင် ဘာသတ်ရမတုန်း၊ တကာကြီးဦးစိန်း။

(ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရပါမည်ဘုရား)။

ဒိပြင်ဟာဘာမျှ မလိုဘူး ဒိဋ္ဌိသတ်ဘို့ဘဲ၊ ဒိဋ္ဌိက ဘယ်မှာနေ လို့သတ်ရမှာလဲ၊ ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ နေလို့ သတ်ရမှာ အ ကျဉ်းချုပ်မှတ်ထားကြပါ၊ ဒိဋ္ဌိက ခန္ဓာငါးပါးမှာ ငါးပါးစလုံး စွဲနေတယ်လို့မှတ်ကြပါ။ (မှန်ပါဘုရား)။

အဲဒီတော့ ခန္ဓာမသိလို့ ဒိဋ္ဌိ ဖြစ်ရတယ်၊ ခန္ဓာ၏ အနိစ္စ ချက်ကိုမသိလို့ ဒိဋ္ဌိကပ်နေတယ်၊ ခန္ဓာ ဒုက္ခသစ္စာ မသိလို့ ဒိဋ္ဌိ ကပ်နေတယ်၊ ဒါကိုတကာကြီးဦးစိန်းတို့ မှတ်ထားကြပါ။

(မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒိဋ္ဌိကို ဝိပဿနာနဲ့ခွါ၊ မဂ်နဲ့ခွါ၊ ပဌမဦးစွာဟောနေတာဟာ တကာကြီးတို့ဝိပဿနာနဲ့ ခွါဘို့ပါဘဲ၊ နောက်ပွားများပြီး သကာလ မဂ်နဲ့ခွါဘို့ပါဘဲ၊ ဥာတပရိညာ၊ တီရဏပရိညာ မဟာဏပရိညာ လို့ သုံးမျိုးရှိတယ်၊ ဒါတွေပြော နေရင် ရှည်နေမှာစိုးလို့။ ကိုင်း—ဒါဖြင့်ဒိဋ္ဌိ ခွါကြစို့။

တကာကြီးဦးစိန်း (ဘုရား)။

ဒိဋ္ဌိဘယ်မှာ ကပ်နေသတုန်း။

(ခန္ဓာငါးပါးမှာ ကပ်နေပါတယ် ဘုရား)။

ကောင်းပြီ ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ကပ်နေတယ်ဆိုတာ သိကြပါ။ ဒါဖြင့် ဒိဋ္ဌိခွါမဲ့ကြံရင် ခန္ဓာငါးပါးပြရတယ်။ ဒိဋ္ဌိခွါမဲ့ ကြံရင်ဘာပြရတယ်။

(ခန္ဓာငါးပါးပြရပါတယ်—ဘုရား)။

ဒိဋ္ဌိခွါမဲ့ကြံ ခန္ဓာငါးပါးပြ။ ခန္ဓာငါးပါး ပြမဲ့ကြံလို့ရှိယင် အရင်းကြကြသာမှတ်ကြစမ်းပါ၊ ပဋိစ္စသမုပ္ပါဒ်ကိုပြရလိမ့်မယ်။ ခန္ဓာငါးပါးသိချင်ယင်ပဋိစ္စ သမုပ္ပါဒ်ပြရလိမ့်မယ်။ ကိုင်းဒါကို သေသေချာချာမှတ်ပါ။ (မှန်ပါဘုရား)။

ဒါဖြင့်....ဒိဋ္ဌိကတကာကြီးဦးစိန်း။ (ဘုရား)။

ဘယ်မှာကပ်နေ သတုန်း။ခန္ဓာငါးပါးမှာ ကပ်နေ ပါတယ် ဘုရား အဲဒီတော့ခန္ဓာငါးပါးဟာသူများပြောသံကြားနဲ့ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ သိကြပါတယ်၊ ဒီခန္ဓာ၏ဖြစ်ကြောင်း ချုပ်ကြောင်းကို ခန္ဓာဘယ်ကဖြစ်လာတယ်မှ မသိလို့ရှိယင် ဒိဋ္ဌိကပ်အုန်းမှာဘဲ၊ အဲဒါကြောင့် ခန္ဓာသိချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်သိအောင် လုပ်ပါ၊ ရှင်းပြီလား။ အကြောင်း အကျိုးဆက်တယ်။ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် ရှေးဦးစွာ ဒိဋ္ဌိ ဘယ်မှာ နေသတုန်းဆိုတော့— အားလုံးသိတဲ့အတိုင်း ခန္ဓာငါးပါးမှာကပ်တယ် ဆိုတာတော့ ရှင်းပါပြီတဲ့။ ခန္ဓာငါးပါးဟာ ဘယ်လိုဖြစ်လာတယ်၊ ဘယ်လိုပျက်နေတယ်ဆိုတာ မသိလို့ရှိရင်ဖြင့်၊ ခန္ဓာမှာကပ်တာဟော့သိတယ် ခန္ဓာမှ ပေါ်လာတာမသိလို့ရှိယင်လဲ ခန္ဓာက ဘယ်က လာပါလိမ့်ဆိုပြီး ဝိစိကိစ္ဆာ ယုံမှားကြံစည်နေမှာဘဲ၊ မကြံစည်ဘူးလား တကာကြီးဦးစိန့်။ (ကြံစည်ပါတယ်ဘုရား)။

ဒါဖြင့် ကြံလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်၊ ဒီအကျိုးအကြောင်းကလေးတွေ ဆက်တာကို ဘုန်းကြီးဆီမှာ လာတဲ့

အချိန်၊ တကာကြီးတို့ ကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ တွေ့ကြဆုံကြတာ၊ တနည်းအားဖြင့်တော့ အားစိုက် လာကြလို့ သာတွေ့ကြတာ။

(မှန်ပါဘုရား။)

ဒါကြောင့် မူလကပြောခဲ့တဲ့ စကားကို မှတ်သား ကြပါ သောတာပန်တည်ချင်ယင် ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ရမယ်။ ဘာမှ လုပ်ဘို့လိုဘူး။ အပယ်လေးပါး တံခါးပိတ်တဲ့ သောတာပန်အဖြစ်ဖြစ်ချင်လို့ ရှိယင် ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ရမယ်၊ (မှန်ပါဘုရား)။

ကိုင်း ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာဘယ်မှာကပ်သတုန်း။ (ခန္ဓာ ငါးပါးမှာ ကပ်ပါတယ်ဘုရား)။ ကောင်းပြီ ဒီ ခန္ဓာငါးပါးတွေ ဘယ်လိုများဖြစ်လာပါလိမ့်မတုန်း၊ ဘယ်လိုများပျက်လာပါလိမ့်မတုန်း။ ဘယ်လိုများ ခန္ဓာငါးပါးစပြီး ဖြစ်ပေါ် လာပါလိမ့်မတုန်းဆိုတော့ သိဘို့ရာမလွယ်ကူဘူး၊ မလွယ်တော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်။ သဘောကြရဲ့လား၊ (မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးက တကာကြီးတွေ တကာမကြီးတွေအား ပဋိစ္စသမုပ္ပါဒ်ကိုအရင်ပြရလိမ့်မယ်။ ပဋိစ္စသမုပ္ပါဒ် အရင် ပြရမယ်ကြံတော့ ပဋိစ္စသမုပ္ပါဒ်သည် စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ် တမျိုး ယခု ခန္ဓာကြီးထဲမှာ ယခုဖြစ်စဉ်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကတမျိုး လို့ နှစ်မျိုးရှိတယ်၊ ထိုနှစ်မျိုးတွင် စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ် လောက် နားလည်လို့ရှိယင် ဘုန်းကြီးတို့ တကာကြီးတို့ ခရီး ပေါက်မှာ မဟုတ်ဘူး။ ခန္ဓာကြီးပေါ်မှာနေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ တကာကြီးဦးစိန်းနေရာကြမယ်၊ ရှင်းပြီလား။

(မှန်ပါဘုရား)။

အကြောင်းအကျိုးဆက်ကဲ့လား၊ ဘုန်းကြီးပြောတဲ့စကား ဒီအကြောင်းအကျိုးမဆက်ဘဲနဲ့ ဟောပြော နေလို့ရှိယင် မဖြစ်ဘူး။ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် သောတာပန် တည်ချင်ယင် ဘာခွါရမလဲ။ (ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာခွါရပါမည်ဘုရား)။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဘယ်မှာကပ်နေသတုန်း။ (ခန္ဓာငါးပါးမှာ ကပ်နေပါတယ် ဘုရား)။ ထိုဒိဋ္ဌိဝိစိကိစ္ဆာ ခန္ဓာငါးပါးမှာကပ်လို့ ခန္ဓာဖြစ်ကြောင်း၊ ချုပ်ကြောင်း မသိလို့ရှိယင်လဲ ဒိဋ္ဌိဝိစိ ကိစ္ဆာကွာ နိုင်ပါ့မလား။ ( မကွာနိုင်ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်ကို လုပ်ရလိမ့်မယ်။ ရှင်းပြီလား။ (မှန်ပါဘုရား)။ အကြောင်းနဲ့ကျိုးနောက်ကဆက်လာတယ်။ ရှင်းပြီလား။ (မှန်ပါဘုရား)။ တကာ ဆရာလိုရင်းပြောတော့မယ် ဆိုတော့ အပိုမထည့်တော့ဘူး၊ အပိုဟာအလကား နာရီကုန်သွားတယ်၊ ဘာမှကျေးဇူးများမှာ မဟုတ်ဘူး။ (မှန်ပါဘုရား)။

တကာကြီးဦးစိန်။ (ဘုရား)။

ဟိုတုန်းက ဘုန်းကြီးတို့လဲဟောခဲ့တာဘဲ၊ ဝိသာခါကျောင်း အမကြီး သောတာပန်တည်တယ်ဆိုတဲ့ ဝတ္ထုကြောင်းတွေကိုဟော ခဲ့တဲ့ ဘုန်းကြီးတွေကဟော နာတဲ့ တကာ တကာမ တွေက နာ နာပြီး သာဓု—သာဓုဆိုပြီးတော့ သာဓုတန်းကနေပြီး တရားလဲ ဆုံးရော ပြန်ကြတာဘဲ၊ ကိုယ်သောတာပန်တည်အောင် လုပ်မယ် တော့ ဘယ်သူမှ စိတ်မကူးဘူး။ (မှန်ပါဘုရား)။

ကိုင်း—ဒါဖြင့် မေးရဦးမယ်—တကာကြီးဦးစိန်။ (ဘုရား)။ ဝိသာခါကျောင်းအမကြီးဟာ ဘာကိုခွါလို့ သောတာပန် တည် တာလဲ။ (ဒိဋ္ဌိဝိစိကိစ္ဆာခွါလို့ပါဘုရား)။ တကာကြီး ဦးစိန်တို့ ကော ဒိဋ္ဌိဝိစိကိစ္ဆာခွါနိုင်ယင် သောတာပန် မတည်နိုင်ဘူးလား။

(တည်နိုင်ပါတယ်ဘုရား)။

ကဲ—ဒါဖြင့်သူများသောတာပန်တည်တာထက် ကိုယ်သောတာပန်တည်ဘို့က အရေးကြီးတယ်၊ သဘောကျရဲ့လား၊ (မှန်ပါဘုရား)။ တကာကြီး ဦးစိန်။ (ဘုရား)။ ကိုယ်သောတာပန်

တည်ဘို့၊ ကိုယ့်အကြောင်းကိုကိုယ်စမ်းသက်ဘို့ဟာ အရေးကြီးတယ်။(မှန်ပါဘုရား)။ ကိုင်းဒါဖြင့်—သောဘာပန်တည်ချင်ရင်ဘာသတ်ရမယ်။ ( ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုသတ်ရပါမယ်ဘုရား )။

ကောင်းပြီ—ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ သတ်ရမယ်ဆိုတော့—သူနေတဲ့နေရာသိမှ ဘုန်းကြီးတို့တကာကြီးတို့ လိုက်သတ်လို့ ဖြစ်မှာပေါ့၊ သူကဘယ်မှာနေတယ်၊ (ခန္ဓာငါးပါးမှာ နေပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးသည်ကားလို့ဆိုယင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့၏နေရာဌာနဆိုတာသိပါတယ်၊ ဒုတိယ အစီအစဉ်အားဖြင့် သိသွားပါပြီ။ (မှန်ပါဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာဟာ ခန္ဓာငါးပါး ဖြစ်ကြောင်းကို မသိလို့လဲ ဒိဋ္ဌိကပ်ပါတယ်၊ ဝိစိကိစ္ဆာ ကပ်ပါတယ်၊ ခန္ဓာငါးပါး ဖြစ်ကြောင်း၊ ချုပ်ကြောင်း မသိလို့ ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်တယ်၊ သဘောကြရဲ့လား။ (မှန်ပါဘုရား)။

ခန္ဓာငါးပါး၏ဖြစ်ပုံ ချုပ်ပုံကိုမသိလို့ ဘာကပ် နေတယ်၊ (ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကပ်နေပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာငါးပါး၏ဖြစ်ပုံ ချုပ်ပုံကို ဆရာကောင်းသမားကောင်းက ဟောလိုက် ပြောလိုက်လို့ရှိရင် ဒိဋ္ဌိဝိစိကိစ္ဆာဟာ ခန္ဓာမှာ ကပ်နိုင် ပါဦး မလား။ (မကပ်နိုင်ပါဘုရား)၊ မကပ်နိုင်တော့ ခန္ဓာငါးပါး ဖြစ်ကြောင်း ချုပ်ကြောင်းကို ၁-နံပါတ်ထား၍ စကားပြောရမယ်၊ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)၊

ကောင်းပြီ၊ ခန္ဓာ ငါးပါး ဖြစ်ကြောင်း ချုပ် ကြောင်း ကို ၁-နံပါတ်ထားပြီး စကားပြောရမယ်ဆိုတာတော့ သေချာပါပြီတဲ့. ဟိုအတိတ်ဘဝကလုပ်လိုက်တဲ့ အဝိဇ္ဇာ သင်္ခါရ တွေကြောင့် ခန္ဓာကြီး ဖြစ်လာတယ်ဆိုတာ သိနေလို့လဲ ဒါတွေက ပြီးပြီးသား အကြောင်း တွေဖြစ်သောကြောင့် ကိုယ်နဲ့မဆိုင်ပါဘူး၊ သူ့ဟာသူ

လုပ်တော့မှာဘဲ ဒါလဲအတိတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ကိုယ်နဲ့မဆိုင်ပါဘူး၊ အနာဂါတ် ပဋိစ္စသမုပ္ပါဒ်လဲ ကိုယ်မရောက်သေးလို့ မဆိုင်ပါဘူး၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ တကာကြီးဦးစိန်း သိပ်အရေးကြီးတယ်၊ သဘောကြရဲ့လား။ ( မှန်ပါဘုရား )။ ဘယ်ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ အရေးကြီးသလဲ၊ ( ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့အရေးကြီးပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ သုံးမျိုးရှိတယ်။ အတိတ်ကအကြောင်းကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်သည် ဟောနေပေမယ့်၊ ဘာမျှမဆိုင်ဘူး၊ အနာဂါတ်လာလတံ့တွေဟောနေ ပေမယ်လို့လဲ တကာကြီးတို့မှ မတွေ့မကြုံရသေးတာ တကာကြီးတို့ လိုက်သတ်လို့ကောဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား)။ ပြီးပြီးသားတွေလဲ တကာကြီးတို့သတ်ခြင်းကြောင့် ကျေးဇူးများသေးရဲ့လား။ (မများပါဘုရား)။ ကဲ....ဒါဖြင့်ရင် ယခုပစ္စုပ္ပန်ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်အရေးကြီးတယ်။ အကြောင်းအကျိုး ဆက်မိကြပြီလား၊ တကာကြီး ဦးစိန်းတို့ စကားခင်းလာတာကို သဘောကျရဲ့လား၊ (သဘောကြပါတယ်ဘုရား)။ ဒါဟာ အင်မတန်အရေးကြီးတယ် မှတ်မိကြရဲ့လား။ (မှတ်မိပါတယ်ဘုရား)။ ကဲ-ဒါဖြင့်ကောင်းပြီ သုံးခေါက်ထိအောင် ဘုန်းကြီးပြန်ပြောမယ်။

သောတာပန်တည်ချင်လို့ရှိယင် ဘာကိုသတ်ရမလဲ၊ (ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သတ်ရပါမယ်ဘုရား)။ ဒါကိုအသေအချာမှတ်ပါ၊ သောတာပန်တည်ချင်ယင် ဒိဋ္ဌိဝိစိကိစ္ဆာမှတပါး သတ်စရာဘာမှ မရှိဘူး။

ကိုင်းနာရီစေ့သွားပြီ အလုပ်ခွင်ဝင်ကြဦးစို့

သာဓု–သာဓု–သာဓု။

# ဝိပဿနာအလုပ်တရား

နမော တဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

## သံလိုက်ဆရာတော်

ဟောကြားဆုံးမ နည်းလမ်းပြတော်မူသော တရားတော်

## ၁၃၃၂ ခု-နယုန်လဆန်း (၁၅) ရက်

(ပါဠိ) သဟာဝဿ ဒဿန သမ္ပဒါယ။
တယဿု ဓမ္မာဇဟိတာ ဘဝန္တိ။
သက္ကာယ ဒိဋ္ဌိဝိစိကိစ္ဆိတဉ္စ။
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

(အနက်။) သက္ကာယ ဒိဋ္ဌိစ။ အတ္တာဟူသော၊ မိမိကိုယ်ရှိ၏ ဟူသောအယူရင်း၊ ဝိစိကိစ္ဆိတဉ္စ။ ရှစ်ပါးသော ဌာန၌ ယုံမှားခြင်းရင်း၊ သီလဗ္ဗတံ ဝါပိ။ နွား၏သီတင်းအကျင့်၊ ခွေး၏သီတင်းအကျင့် စသည်ဖြင့် သံသရာမှ ထွက်မြောက်၏ ဟူသောအယူရင်း၊ တယော သုံးပါးကုန်သော၊ ဓမ္မာ။ သဘောတရားတို့ကို၊ အဿ။ ထိုသောတာပန်ပုဂ္ဂိုလ်၏ ဒဿန သမ္ပဒါယ၊ သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့် သဟာဝ။ အတူတကွ သာလျှင်၊ ဇဟိတာ။ စွန့်အပ်ကုန်သည်၊ အဿု ဘဝန္တိ။ ဖြစ်ကုန်၏၊ ကိဉ္စိ။ တစုံတခုသော၊ ယံ။ အကြင်မှားသော အယူသည်၊ အတ္ထိရှိ၏၊ တံပိ ထိုမှားသော အယူကိုလည်း ဇဟိတံ။ စွန့်အပ်၏။

ပရိတ်ကြီးက သောတာပန် တည်ချင်လို့ရှိယင်၊ ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရမယ်တဲ့၊ ဒိဋ္ဌိဝိစိကိစ္ဆာသတ်မှ သောတာပန်တည်နိုင်တယ်တဲ့ဆိုတော့ သောတာပန်တည်ဘို့အရေးဟာ- တကာကြီးဦးစိန်း။ (ဘုရား)။ အခုဘာလုပ်ရမှာတုန်း မေးလို့ရှိယင်ဖြေတတ်ပါ့မလား၊ ဘာကိုသတ်ကြမယ်၊ (ဒိဋ္ဌိဝိစိကိစ္ဆာသတ်ရပါမယ်ဘုရား)။ အဲဒီတော့ သောတာပန်တည်ချင်လို့ရှိယင် ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရမယ်လို့ ဘုန်းကြီးက ရှေးဦးစွာ ဟောခဲ့တယ်။ ဒိဋ္ဌိဝိစိကိစ္ဆာဘယ်မှာနေလို့ သတ်ရမှာလဲဘုရားလို့ တကာကြီး တို့က ဘုန်းကြီးကို မေးခွန်းထုတ်ရမယ်၊ မထုတ်ရဘူးလား (ထုတ်ရပါမယ် ဘုရား။) ဒိဋ္ဌိဝိစိကိစ္ဆာဘယ်နေလို့ သတ်ရမှာတုန်းဘုရားလို့ မေးခွန်းထုတ်တော့....။

တကာကြီးဦးစိန်း ခန္ဓာငါးပါးမှာ နေလို့သတ်ရမယ်ဆိုတော့မှ၊ ခန္ဓာဆိုရောက်မယ် (မှန်ပါဘုရား)

ခန္ဓာသည် ဒိဋ္ဌိဝိစိကိစ္ဆာတို့၏ တည်ရာ ခိုရာဌာနကိုး—ရှင်းပြီးလား (ရှင်းပါပြီဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာ ဘယ်မှာ ကပ်ခိုနေပါသလဲ (ခန္ဓာငါးပါးမှာ ကပ်ခိုနေပါတယ်ဘုရား) ခန္ဓာငါးပါးမှာ ကပ်ခိုနေတယ်၊ ဒါဘယ်သူ့ဆံပင်တုံးက္ဂ— ငါ့ဆံပင်က္ဂ— ဆံပင်ဆိုတော့ ရူပက္ခန္ဓာမှာသွားခိုနေတယ်၊ ငါတော်တော် စားကောင်းတယ်က္ဂဆိုတော့ ဝေဒနက္ခန္ဓာမှာ သွားခိုနေတယ်။ ငါစာတော်တော်မှတ်မိတယ်က္ဂ၊ ငါ့ဗဟုသုတ တော်တော်များတယ်ဆိုတော့— သညက္ခန္ဓာမှာ သွားခိုနေတယ်၊ ငါ့ပညာမျိုး ရှာမှရှားတယ်က္ဂဆိုတော့ သင်္ခါရက္ခန္ဓာမှာ သွားခိုနေတယ်၊ ငါ့စိတ် လာမစန်းနဲ့ ဟေ့ စိတ်ဆိုတော့ ဝိညာဏက္ခန္ဓာမှာ သွားခိုနေတယ်။

ကိုင်း ဒါဖြင့်ခန္ဓာငါးပါးသည် ဒိဋ္ဌိဝိစိကိစ္ဆာတို့၏ ခိုကပ်ရာဌာနဆိုတာ ကျေနပ်ပြီးလား (ကျေနပ်ပါပြီဘုရား)ခန္ဓာငါးပါးမှာ

ဘယ်သူ ကပ်နေသတုန်း (ဒိဋ္ဌိစိတ္တိုကြစ္ဆာ ကပ်နေပါတယ်ဘုရား) ဒါကို မှတ်ထားပါ ခန္ဓာငါးပါးမှာ ဒိဋ္ဌိစိတ္တိုကြစ္ဆာ ကပ်တယ် (မှန်ပါဘုရား)

ကဲဒါဖြင့် ခန္ဓာနဲ့ဒိဋ္ဌိစိတ္တိုကြစ္ဆာနဲ့ ကွဲအောင် လုပ်ရလိမ့်မယ်၊ ခန္ဓာကနေ ခွါထုတ်ရလိမ့်မယ်၊ ခန္ဓာရှိရင်ကပ်မယ် ခန္ဓာမရှိရင် မကပ်ပါဘူး။ (မှန်ပါဘုရား)

ကောင်းပြီ–ဒါက တရားကိုအခြေကတည်ပြောတဲ့အတွက်၊ တကာကြီးဦးစိန်းတို့က သိးခံပြီးနားထောင်ရမယ်။ ကကြီးခခွေး ကနေ စသင်နေတယ်လို့ အောက်မေ့ပါ၊ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား)

ကိုင်းဒါဖြင့်–ဒိဋ္ဌိစိတ္တိုကြစ္ဆာ ဘယ်မှာကပ်နေသတုန်း (ခန္ဓာငါးပါးမှာ ကပ်နေပါတယ်ဘုရား) ခန္ဓာငါးပါးကို ဘယ်နှယ်ကြောင့် သူကပ်နေသတုန်းလို့ တကာကြီးတို့ကဲမေးပါ မေးလို့ ရှိယင် ဘုန်းကြီးကဖြေဘို့၊ ဘယ်နှယ်ကြောင့် သူကပ်နေသတုန်းလို့ မေးတော့၊ တကာကြီးဦးစိန်း ခန္ဓာငါးပါးဖြစ်ကြောင်း မသိလို့ ကပ်တယ် ချုပ်ကြောင်းမသိလို့ကပ်တယ်၊ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)

ဒါဖြစ်ခန္ဓာငါးပါးဖြစ်ကြောင်းမသိလို့ ဒိဋ္ဌိစိတ္တိုကြစ္ဆာကပ်တယ် ခန္ဓာငါးပါးချုပ်ကြောင်းမသိလို့ ဒိဋ္ဌိစိတ္တိုကြစ္ဆာကပ်တယ် ဖြစ်ကြောင်း ချုပ်ကြောင်းနားလည်တာကို အရင်ပြရလိမ့်မယ်၊ မပြရဘူးလား (ပြရပါမယ်ဘုရား)

ကဲဒါဖြင့် ဖြစ်ကြောင်းဖြင့် ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်၊ ချုပ်ကြောင်းဖြင့် ချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ် ဒါနှစ်ခုမပြဘဲနဲ့ ဒိဋ္ဌိကွာပါတယ်ဆိုယင် တကာကြီး

တို့အုံးသီးဆီသုတ်ပြီး မျိုလို့ရယင်သာရမယ် ပဋိစ္စသမုပ္ပါဒ်မပါရင် ဒိဋ္ဌိက၊ ကွာကိုမကွာဘူး ရှင်းပြီလား (ရှင်းပါပြီဘုရား)

ကိုင်းဒါဖြင့် ခန္ဓာဖြစ်ကြောင်းဟာလဲ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ခန္ဓာ၏ချုပ်ကြောင်းဟာလဲ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း ရှင်းပြီးလား (ရှင်းပါပြီဘုရား) ဒါဖြင့်ဘာနားလည်မှ ဒိဋ္ဌိဝိစိကိစ္ဆာကွာမှာလဲလို့ မေးတို့မလိုဘူးလား (လိုပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း နားလည်မှ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း နားလည်မှ ဒိဋ္ဌိရော ဝိစိကိစ္ဆာရောကွာမယ် (မှန်ပါဘုရား) ဒါဖြင့် ခန္ဓာအရင်ပြရမလား ပဋိစ္စသမုပ္ပါဒ်အရင်ပြရပါမယ်ဘုရား)

ကိုင်း ဒါဖြင့်ဒီခန္ဓာကြီးဟာ ဘာခန္ဓာတုန်းလို့ မေးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်နေတဲ့ခန္ဓာ၊ ဘုန်းကြီးခန္ဓာ တကာကြီးဦးစိန်းခန္ဓာ သဘောကျရဲ့လား (ကျပါတယ်ဘုရား)

ဒါဖြင့် သူမှနားမလည်ဘဲနဲ့ ဒီခန္ဓာကြီး စုပေါင်းထားတာ ကြီး တကာကြီးဦးစိန်း ကိစ္စပြီးပါ့မလား (မပြီးပါဘုရား) ဖြစ်ကြောင်းလည်းမသိဘူး၊ ချုပ်ကြောင်းလည်း မသိလို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်နှစ်ခုလုံး နားမလည်ဘူး။ ထိုကဲ့သို့ နားမလည်လို့ရှိ ရင် ဒိဋ္ဌိက၊ ခန္ဓာကပေါ်မလာတာကို ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်နေတယ် ဆိုတဲ့ဥစ္စာဟာ အခြေအမြစ်နဲ့တကွ ပယ်မပြစ်တဲ့အတွက် ဘုန်းကြီး တို့တကာကြီးတို့မှာ ကပ်မြဲဘဲကပ်မယ်လို့ သေသေချာချာ မှတ်ပါ ဒါဟာ ဘုန်းကြီးဝတ္ထု သက်သေထုပ်ပြပါဆိုလျှင် ပြမယ် ဖြေး ဖြေးပေါ့ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြကြစို့ ဘာပြရမလဲ(အဝိဇ္ဇာက နေ ပြရပါမယ်ဘုရား)။ မပြနိုင်ဘူး အဝိဇ္ဇာကဲအတိတ်အကြောင်း တွေဘဲ၊ တကာကြီးတို့နှင့်မဆိုင်ဘူး၊ တကာကြီးတို့ပြီးခဲ့ပြီ အဝိဇ္ဇာ

သင်္ခါရကြောင့် တကာကြီးတို့ခန္ဓာတွေဖြစ်နေပြီ၊ လွန်ခဲ့ပြီ၊ တကာကြီးတို့ပြန်သွားလို့မရတော့ဘူး ရှင်းပြီလား (ရှင်းပါပြီဘုရား)။

တကာကြီးဦးငိန်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာဖြစ်လာတယ်မဆိုပေဘူးလား (ဒီလိုဘဲနားလည်ပါတယ်ဘုရား) ဒီလိုမဟုတ်ပါဘူးတဲ့၊ ဒီဥစ္စာက ပင်ကိုယ်အကြောင်း ဘုရားဟောထားတော့ ဟုတ်ပါတယ်တဲ့၊ တကာကြီးတို့ ဒိဋ္ဌိဝိစိကိစ္ဆာခွါဘို့က ဒီလိုမဟုတ်ဘူး သဘောကျရဲ့လား၊ (သဘောကျပါတယ်ဘုရား)။

တကာကြီးဒိဋ္ဌိဝိစိကိစ္ဆာ ခန္ဓာပေါ်မှာ ခွါဘို့ကြတော့ သူမဟုတ်ဘူး၊ သူတကာကြီးတို့၏ ထိုမူလဘူတက အတိတ်ဘဝက အကြောင်းဖြစ်နေတယ်၊ မယုံရင်စဉ်းစားကြည့်တော့၊ ဘုန်းကြီးရှင်းပြမယ်။

ဒါက နောက်ဘဝက သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာ၊ အဝိဇ္ဇာကို တကာကြီးတို့က လက်သင့်မွေးခဲ့တဲ့အတွက် မခွါနိုင်တဲ့အတွက်၊ ဟိုဘဝကဆုတောင်းတဲ့ တဏှာမလာပေဘူးလား၊ (လာပါတယ်ဘုရား၊ (ဟို ဘဝရောက်ကြောင်း ကုသိုလ်တွေ မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား)။ ကုသိုလ်တွေလုပ်တော့ ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ကဲဒါဖြင့်- ပေါ်တော့ ခန္ဓာငါးပါးနဲ့ ပေါ်တယ်၊ သူ့သတ်နိုင်သေးရဲ့လားဆိုတော့ လွန်ကုန်ပြီ၊ အဝိဇ္ဇာနဲ့ သင်္ခါရသတ်နိုင်သေးရဲ့လား၊ (မသတ်နိုင်ပါဘုရား)။ ဘယ်သတ်နိုင်မလဲ လွန်ကုန်ပြီ၊ သူတို့ပြုထားတဲ့အတွက် ဘုန်းကြီးတို့ တကာကြီးတို့ အကျိုးထဲရောက်နေပြီ၊ ဟိုကအရှိန်နဲ့ ဒီရောက်နေတယ် (မှန်ပါဘုရား)။ ကိုင်းဒါဖြင့် ဟိုကအရှိန်နဲ့ ဒီရောက် နေ တော့ ကို၊ ဘုန်းကြီးတို့ တကာကြီးတို့ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူ့အကျိုး၊ ဆက်ခံယုံ

ဘဲရှိတော့တယ်၊ မဟုတ်ဘူးလား၊ ဟုတ်ပါတယ်ဘုရား)။ သူ့အကျိုးဆက်ခံ သူကအကြောင်း ဖြစ်နေတယ်၊ သူ့အကျိုး ဆက်ကို ဘုန်းကြီးတို့တကာကြီးတို့ တွေ့ကြုံနေပြီ၊ ဘုန်းကြီးတို့ တကာကြီးတို့ သတ်ရမှာက ဒီအကျိုးထဲပေါ်တဲ့အဝိဇ္ဇာ သင်္ခါရ ကို သတ်ရလိမ့်မယ်၊ သူ့ဘော့မသတ်နိုင်ဘူး ရှင်းပြီလား (ရှင်းပါပြီဘုရား)။

အဲဒီအထဲနောက်ထပ် ပွားလာမှာတော့ သတ်ရလိမ့်မယ်၊ ဒီဟာကိုမသတ်နိုင်ဘူး၊ ဘုရားလဲမသတ်နိုင်ဘူး၊ဒီဟာကို သတ်နိုင်ပါမလား။ (မသတ်နိုင်ပါဘုရား)။ မသတ်နိုင်လို့ခံရတာပေါ့၊မသတ်နိုင်လို့ဘဲ ခန္ဓာကြီးကို အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ဘုန်းကြီးတို့ တကာကြီးတို့တွဲနေရတာပေါ့။ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့်၊ ဒါတွေကိုဖြုတ် အတိတ်က ဖြစ်တဲ့ အဝိဇ္ဇာ သင်္ခါရဖြုတ်၊ဒီထဲမှာပွား အဝိဇ္ဇာသင်္ခါရကို၊တကာကြီးတို့ ဘုန်းကြီးတို့သတ်ရမယ်။ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား) ယခုဒါက ပစ္စုပ္ပန်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာဆိုရင် ယခုဘဝမှာဘဲ အဝိဇ္ဇာ သင်္ခါရ ဘယ်မှာရောက်နေသတုန်းလို့ မေးလို့ရှိရင်ဖြင့် ဒီထဲမှာ ရောက်နေတယ်၊ ပစ္စုပ္ပန် ခန္ဓာထဲမှာရောက်နေတယ်၊ သဘောကြရဲ့လား (ကြပါတယ်ဘုရား)။ အဲ့သူနဲ့တွဲပြီးသကာလ အဝိဇ္ဇာက မသိလို့ ဒိဋ္ဌိကပ်နေတယ်၊ အဝိဇ္ဇာကမသိလို့ ဝိစိကိစ္ဆာက ကပ်နေတယ်၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။ ကိုင်းဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်နေတာသိလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဟာကာကြီးတို့ ပစ္စုပ္ပန် အဝိဇ္ဇာရှိသေးရဲ့လား၊ (မရှိပါဘုရား)။ ဟောဝိဇ္ဇာဖြစ်သွားပြီ၊ ဒီဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါရအလုပ်ကို နောက်ထပ် လုပ်ပါဦးမလား(မလုပ်ပါဘုရား)။ ကဲ ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ခွါလိုက်ရင် အဝိဇ္ဇာ သင်္ခါရ အလိုလိုပြုတ်တော့မယ်၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာထဲမှာရှိတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာကို ဘုန်းကြီးတို့-တကာကြီးတို့သတ်ရမယ်၊ ဘာနဲ့ သတ်မလဲဆိုတော့ ဝိဇ္ဇာနှင့် အသင်္ခါရနှင့်သတ်ရမှာပေါ့ ပေါ်ပလား ( ပေါ်ပါပြီဘုရား ) အသင်္ခါရဆိုတာမပြုတာ သခါရကမပြုတာကို၊ မှန်ပါဘုရား)။

ကဲ ဒါဖြင့် တကာကြီးဦးစိန်း (ဘုရား) ဒီဘက်ကအဝိဇ္ဇာသင်္ခါရပြုလိုက်ထာကြေနပ်ပြီလား ( ကြေနပ်ပါပြီဘုရား ) သူ့ကိုဘုန်းကြီးတို့တကာကြီးတို့ ပြီးပြီးသားအကြောင်းမို့ သတ်ငြားသော်လဲ ခရီးပေါက်သေးရဲ့လား ( မပေါက်ပါဘုရား ) မပေါက်တော့ဘူး၊ သူ့မျိုးစေ့တောင်ဒီထဲကြနေပြီ၊ သူ့မျိုးစေ့ထဲကနေပြီတော့အဝိဇ္ဇာသီး၊ သင်္ခါရသီး၊ မသီးပါစေနဲ့ဆိုတော့ ရမလား ( သီးတော့မှာပါဘုရား ) အဲသီးပါပြီ အခုဒီထဲမှာနောက်ထပ်မသီးဘို့ဘဲ၊ ဘုန်းကြီးတို့ တကာကြီးတို့ အရေးကြီးပါတယ်၊ သူကဒီခန္ဓာကိုကြီးကနေပြီး အဝိဇ္ဇာသီး သင်္ခါရသီး မသီးဘို့အရေးကြီးတယ်၊ သူကအဝိဇ္ဇာသင်္ခါရကြောင့်တော့၊ အပင်ကြီးဖြစ်လာလေပြီ၊ ခန္ဓာပင်ကြီးမဖြစ်သေးဘူးလား ( ဖြစ်ပါပြီဘုရား ) အဲ ဒီအထဲမှာ အဝိဇ္ဇာသီး၊ သင်္ခါရသီး၊ သီးဦးမယ်ဆိုယင်သွားရော၊ ဆုံးပါ့ဦးမလား( မဆုံးပါဘုရား ) ကိုင်းဒါဖြင့်၊ မီးခိုးမဆုံးမိုယ်းမဆုံးသွားဘို့ဘဲ၊အဲဒါကြောင့်ဒီအထဲမှာ၊ အဝိဇ္ဇာသီးသင်္ခါရသီး၊ မသီးရအောင်ဒီထဲမှာဝိဇ္ဇာနှင့် အသင်္ခါရဖြစ်အောင်၊ ဘုန်းကြီးတို့ တကာကြီးတို့ကလုပ်ပေးရမယ်။ ဒီခန္ဓာကြီးကိုသိတဲ့နည်းနဲ့ ပေါ့ (မှန်ပါဘုရား)ကဲဒါဖြင့်၊ အဝိဇ္ဇာကို၊ ဝိဇ္ဇာဖြစ်အောင်လုပ်ပေးရမယ်၊ သင်္ခါရကိုအသင်္ခါရဖြစ်အောင်လုပ်ပေးရမယ်၊ အသင်္ခါရဆိုတာ မပြုပြင်တတ်အောင်ပေါ့ ရှင်းပြီလား ( ရှင်းပါပြီဘုရား ) ကောင်းပြီ ဒါဖြင့်ခုတင်ကပြောခဲ့တဲ့ တကာကြီးဦးစိန်းတို့ ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်နားလည်ဘို့အရေးကြီးတယ် (မှန်ပါဘုရား)။ သဘောကြရဲ့လား

(သဘောကြပါတယ်ဘုရား)။ ဒါအခုခန္ဓာငါးပါးဟာပစ္စုပ္ပန်ပေါ့ ဒီခန္ဓာငါးပါးအခုရှိနေတဲ့ တကာကြီးဦးစိန်း ယခုထိုင်နေတဲ့ ခန္ဓာငါးပါးဟာ ပစ္စုပ္ပန်။ သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)။ ဒါဖြင့် ဒီခန္ဓာငါး၊ အခုပေါ်နေတဲ့ ခန္ဓာငါး၊ အခုပဋိစ္စသမုပ္ပါဒ်၊ အခုခန္ဓာငါးကို၊ အခုပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဘုန်းကြီးတို့တကာကြီးတို့ ပြဘို့အရေးကြီးတယ်၊ အတိတ် ပဋိစ္စသမုပ္ပါဒ်လဲ ပြဘို့အရေးမကြီးဘူး၊ အနာဂါတ် ပဋိစ္စသမုပ္ပါဒ်ကိုလဲ ပြဘို့အရေးမကြီးဘူး၊ အခုဟာရှင်းသွားရင်၊ ဟိုအနာဂါတ်ပြတ်သွားမှာဘဲ၊ သဘောကြရဲ့လား၊ (သဘောကြပါတယ် ဘုရား)။ အခုဟာရှင်းရင် သေသေချာချာပြတ်မယ်၊ (မှန်ပါဘုရား)။

အဲဒီတော့ ပြောကြပါစို့၊ ဩော်...ဒါနဲ့၊ ပဋိစ္စသမုပ္ပါဒ်မှာ ဘယ်နှစ်မျိုး ရှိပါလိမ့်မတုန်းဆိုတော့—အတိတ် ပဋိစ္စသမုပ္ပါဒ်ကိုလည်း ဘုန်းကြီးတို့ တကာကြီးတို့နဲ့မဆိုင်လို့ ကျင့်ဘို့ကြံဘို့မလို။ အနာဂါတ်ပဋိစ္စသမုပ္ပါဒ်လဲမလာသေးလို့ ဘုန်းကြီးတို့တကာကြီးတို့ကဖြတ်ဘို့တောက်ဘို့မလို။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်မှာ—မကောင်းတာကိုမှုသွားဘို့၊ ကောင်းတာကိုသာပွားဘို့၊ အဲဒါ—ဘုန်းကြီးအဖြေပေးမယ် ရှင်းပြီလား။ (ရှင်းပါပြီဘုရား)။

ကိုင်း–ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာကြီးအပေါ်၌၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီးအပေါ်၌၊ တဏှာဥပါဒါန် ကံ မလာ ပေ ဘူး သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)။ တဏှာလာယင် ဥပါဒါန်လာမယ်၊ ဥပါဒါန်လာယင် ကံလာမယ်၊ ကံလာယင် နောက် အနာဂါတ်ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား၊ (လာပါတယ်ဘုရား)။ ဒါလောက်တော့ တကာကြီး ဦးစိန်းတို့ လေ့လာဘူးလိမ့်မယ်။ ဒါကိုဘုန်းကြီး အကြယ်မပြောတော့ဘူး။

(မှန်ပါဘုရား)။

၁၀၃၄၅
သာသနာ့ရေးဦးစီးဌာန
စာကြည့်တိုက်

ကဲ-ဒါဖြင့်- ပစ္စုပ္ပန် ခန္ဓာထဲက အဝိဇ္ဇာ တဏှာ-ကံ တွေ မပေါ်ဘို့ အရေးကြီးတာပေါ့၊ ပစ္စုပ္ပန် ခန္ဓာ၊ အစဲပြုပြီးသကာလ အဝိဇ္ဇာ တဏှာကံ တွေမပေါ်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ ကြီးတို့ ဒီအနာဂါတ်ခန္ဓာဆိုတာ မပြတ်ပေဘူးလား ပြတ်မလား၊ (ပြတ်ပါတယ်ဘုရား)။ ပြတ်မှာဘဲ သဘောကြရဲ့လား၊(သဘော ကြပါတယ်ဘုရား)။ ဒါဖြင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပြုကြစို့-ဒါမှ ဒီရောက်တယ်။ (မှန်ပါဘုရား)။

ဒီခန္ဓာငါးပါးဟာ ပြောကြပါစို့ အမေမွေးတဲ့ ခန္ဓာငါး ပါးလဲ ဘုန်းကြီးကမလိုချင်ဘူး၊ အဝိဇ္ဇာသင်္ခါရတို့သည် အ ကြောင်းတွေဖြစ်နေတယ်၊ အဲဒီခန္ဓာငါးပါးလဲ မလိုချင်ဘူး၊ ယခု မွေးစ-ခန္ဓာငါးပါးလိုချင်တယ်၊ (မှန်ပါဘုရား)၊ ကောင်း တကာ ကြီးဦးစိန်း (ဘုရား)။ အမေမွေးတဲ့ခန္ဓာငါးပါး မလိုချင်ပါဘူးလဲ ချုပ်ပျောက်ကုန်ပြီတဲ့၊ တကာကြီးတို့ကိုဟောင်အပိုပေါ့ အဲဒါလဲ မလိုချင်ဘူး၊ ဘုန်းကြီးက ဘာကြောင့် မလိုချင်တာတုန်းဆိုတော့ ပစ္စုပ္ပန် မကြလို့ (မှန်ပါဘုရား)။

ကဲ-အမေမွေးတဲ့ ခန္ဓာငါးပါးက ဖြစ်ခဲ့ပျက်ခဲ့ပြီ၊ ဘာမှ တတိုတစမှ တကာကြီးတို့မပါလာဘူး၊ ဘုန်းကြီးရှေ့မှာခု တရား နာနေတဲ့ ခန္ဓငါးပါးသာလိုချင်တာ၊ နာရီအချိန် ကိုက်နေတဲ့ခန္ဓာ ကိုသာ လိုချင်တာ (မှန်ပါဘုရား)။ အဲဒီအချိန်လိုချင်တာ၊ဒါပြင် ဟာကိုမလိုချင်ဘူး၊ စောစောထဲက တကာကြီး ဦးစိန်းလဲ သိပြီးသား၊ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးတွေဖြစ် လို့၊ ပစ္စုပ္ပန်အကျိုးဟာ မျက်စိတမှိတ်၊ ကုဋေ ငါးထောင်ကျော် ရခဲ့လို့ တကာကြီးတို့ တတိုတစမှ မပါလာခဲ့တော့ဘူး။ ဒါကြီး တွေအောင်ရှာချင်လို့ကော ရှာလို့ ရပါ့အုန်းမလား၊ လွန်ကုန်ပြီ ရှေ့ပြောယုံဘဲရှိတော့တယ်။ (မှန်ပါဘုရား)။

အဲ ဒီတော့ ယခုအချိန်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုလိုချင်တယ်၊ ယခုအချိန်မှာပေါ်တဲ့ပဋိစ္စသမုပ္ပါဒ်ကို ယခုဉာဏ်နဲ့ တိုက်ပေးရမယ်၊ အတိတ် ရှိမှုမရှိကောင်းဘဲကိုး၊ ဝိပဿနာလိုနေလို့၊ ဝိပဿနာလိုရင် ပစ္စုပ္ပန် တဲ့ရမယ်၊ သဘောကြရဲ့လား။ (သဘောကြပါတယ်ဘုရား)၊ ကိုင်းဒါဖြင့် တကာကြီးဟာ အမေမွေးလာကတဲက ဘုန်းကြီးတို့ဆီကို ပါလဲမပါဘူး၊ ရှိလဲမရှိဘူး၊ အဲဒါလဲစကားတာထည့်ပြောရလိမ့်မယ်လို့ အောင်းမေ့မနေနဲ့ (မှန်ပါဘုရား) ခုပေါ်တာခုတွေ့ချင်တာဘဲ၊ ဘုန်းကြီးတ သဘောကြရဲ့လား ဒါအင်မတန်အရေးကြီးတဲ့အချက်၊ (မှန်ပါဘုရား)။

ကဲဒါဖြင့် တကာကြီးဦးစိန်း (ဘုရား)။ ခန္ဓာ ငါးပါးဟာထတဲ့ နာမ်ရုပ်ဟာ၊ ထိုင်တဲ့ အချိန်မှာ မပါတာကြီး၊ အမေမွေးတာကြီး၊ ဘယ်ကလာထည့်လို့ ရပါမထုန်း။ ရပါမလား။ (မရပါဘုရား)။ မရလို့ရှိရင် အဲ့ဒါဝိပဿနာ၊ ရှုလို့ရှိရင်ကော ဖြစ်ပါ့မလား၊ လွန်ခဲ့ကုန်ခဲ့တာတွေ (မှန်ပါဘုရား)။ မီးလောင်ပြီးသွားသွားငြိမ်းနေလို့ တကာကြီးတို့ ရေကုန်ယုံဘဲ ရှိမှာပေါ့ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။ မီးလောင်လို့ ပြာတောင်မှုမရှိတာ၊ တကာကြီးက ရေသွားလောင်းနေရင် အရှုးလားလိုမေးမှာပေါ့၊ (မေးပါမယ်ဘုရား)။

အဲဒီ အရှုးတွေပျောက်အောင်လို့ ဘုန်းကြီးဆီ လာကြရတာ သဘောကြရဲ့လား (သဘောကြပါတယ် ဘုရား) ဒါဖြင့် ပစ္စုပ္ပန်တဲ့တဲ့ခန္ဓာပေါ်ဘို့အရေးကြီးတယ် ရှင်းပြီလား (ရှင်းပါတယ်ဘုရား)။ အဲဒီတော့ တကာကြီးတို့ကဲ ဘုန်းကြီး ဟောတဲ့တရားကို အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ကြည့်တဲ့အခါ၊ မတူပါလားဆိုပြီး၊ တရားဆန်းလို့မှတ်လိမ့်မယ် သဘာဝတ္ထ အကိုက်ကိုဟော

နေတာ၊ သဘောကြရဲ့လား။ တရားဆန်းလို့ မအောင်းမေ့နဲ့ (မှန်ပါဘုရား)။ တကာကြီးဦးစိန်း (ဘုရား)၊ပြော—ဒို့ဝိပဿနာ ရှုရမှာက ဒိဋ္ဌိဝိစိကိစ္ဆာ ခွါရမှာပါကလား၊ ဘယ် ခန္ဓာကို ခွါရမှာ တုန်းဆိုတော့ ခုနကသင်ပြလိုက်တာ၊ ခန္ဓာငါးပါးကို ခွါလို့သင် လိုက်တယ်၊ ဘယ်ခန္ဓာငါးပါးတုန်းဆိုတော့ ပစ္စုပ္ပန် ခန္ဓာငါးပါး ခွါလိုက်လို့ပြောလိုက်တယ်။ (မှန်ပါဘုရား) ကိုင်းပစ္စုပ္ပန်ခန္ဓာ ထဲမှ ရောက်ဆဲ ပစ္စုပ္ပန်ခွါပါ ရောက်ဆဲပစ္စုပ္ပန်၊ အခုဖြစ်ဆဲ ပစ္စုပ္ပန်၊ ဒီထဲမှာခွါရမယ် ပေါ်ပလား တကာကြီး ဦးစိန်း (ပေါ် ပါပြီဘုရား)။ ကဲ—ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာ ငါးပါးကို ပစ္စုပ္ပန် ဉာဏ်နဲ့ကြည့်၊ကြည့်ပုံကလေး ပြောစမ်းပါဦးဆိုတော့၊ ပေါ်ပုံမှ မသိသေးဘဲနဲ့ ကြည့်ပုံကို ဘယ်လိုပြောနိုင်ပါ့မလဲ၊ပေါ်ပုံကိုအရင် ပြောရဦးမယ် သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)

ကိုင်းဒါဖြင့် ပေါ်ပုံပြောရဦးမယ်၊ တကာကြီးဦးစိန်ရဲ့ မျက်လုံးနဲ့ ဒီခုံပေါ်က ပစ္စည်းတွေနဲ့ သွားတိုက်တဲ့ အခါကြတော့ မြင်စိတ်ကလေးပေါ်တယ်၊ (မှန်ပါဘုရား)၊ အဲဒီတော့ ဒီမြင်စိတ် ဟာ အိမ်က ပါလာတဲ့ မြင်စိတ်လား (မဟုတ်ပါဘုရား) အခုမှ ပေါ်လာတဲ့မြင်စိတ်။ (မှန်ပါဘုရား)။

ဒါဖြင့် မျက်လုံးကလဲ အိမ်ကပါလာတဲ့ မျက်လုံး လား လို့ မေးလို့ရှိယင်—အိမ်ကပါလာတဲ့မျက်လုံးက လျှပ်တပျက်တောင်မခံ ဘူး၊ (မှန်ပါဘုရား)။ ကဲဒါဖြင့် မျက်လုံးက လဲ ဒီခုံနား ရောက်မှပေါ်တဲ့မျက်လုံးမဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား)။ ဒီပစ္စည်းတွေကလဲ မနေ့ကထားတဲ့ပစ္စည်းလား၊ (မဟုတ်ပါဘုရား)၊ သူတို့လဲ မဟာဘုတ်လေးပါး အဆက်ဆက်နဲ့ လဲနေတော့၊ အခုမှ တကာကြီးရှေ့မှောက်ရောက်မှ ပေါ်လာတဲ့ပစ္စည်း သဘောကြရဲ့ လား(သဘောကြပါတယ်ဘုရား)။ကိုင်းဒါဖြင့်၊ ပစ္စည်းကလဲပစ္စုပ္ပန်

ခဏပစ္စုပ္ပန် အခုခဏပစ္စုပ္ပန်ပေါ့။ သဘောကြရဲ့လား သဘောကြပါတယ်ဘုရား၊ အခုဒီမျက်လုံးကဲလဲအိမ်ကပါလာတဲ့မျက်လုံး ဟုတ်ဘူး၊ ယခုဒီနားကြမှ ပေါ်လာတဲ့ မျက်လုံးအသစ်။ ပစ္စည်းအသစ် စိတ်အသစ်မဆိုနိုင်ဘူးလား ( ဆိုနိုင်ပါတယ်ဘုရား ) ပြီးတော မှအကောင်းအဆိုးရွေးတာလဲ၊ ဒီနားကြမှအကောင်းအဆိုးရွေးတဲ့၊ ဝေဒနာကလဲ အသစ်မဆိုနိုင်ဘူးလား၊ မှတ်သားတဲ့သညာကလဲအသစ်ဘဲလို့မဆိုနိုင်ဘူးလား၊ ကြည့်လိုတဲ့ စေတနာကလဲ အခုမှဘဲပေါ်တယ် သင်္ခါရခန္ဓာကလဲအသစ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အိမ်ကပါလာတာလဲ တလုံးမှမပါလာဘူး (မှန်ပါဘုရား)

ကဲဒါဖြင့်ဘုန်းကြီးခန္ဓာငါးပါးခွဲလိုက်တော့မယ်။ ဟော-ဒီ အဆင်းရုပ်နဲ့ ဟော-တကာကြီးမျက်လုံးက၊ အသစ်ရူပက္ခန္ဓာ ဒီခုံနားကြမှပေါ်တဲ့ အသစ်ရူပက္ခန္ဓာမဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဟော ဒီ ဝေ ဒန က္ခန္ဓာ၊ သ ညာ က္ခ န္ဓာ၊ သင်္ခါ ရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလေးပါးကလဲ ဒီခုံနားကြမှပေါ်တဲ့ နာမက္ခန္ဓာလေးပါး ခုမှပေါ်တဲ့နာမက္ခန္ဓာဟေးပါး၊ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့်ဟောဒီအဆင်းရုပ်နဲ့ ဟောဒီတကာကြီးမျက်လုံးနဲ့က ရူပက္ခန္ဓာတပါးဘဲ ထားပါးတော့၊ဒါဟာ အတိတ်ပဋိစ္စသမုပ္ပါဒ်နဲ့၊ အဝိဇ္ဇာသင်္ခါရနဲ့လဲ မဆိုင်ဘူး။ ဆိုင်သေးရဲ့လား။ (မဆိုင်ပါဘုရား) မဆိုင်ဘူးဆိုတော့ တကာကြီးဦးစိန်းအခုမှပေါ်တဲ့ခန္ဓာ။ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား)။ အခုမှပေါ်တဲ့ခန္ဓာငါးပါးဆိုတာကျေနပ်ပြီလား (ကျေနပ်ပါပြီဘုရား)

ကဲ ဒါဖြင့်ယခုမှ ပေါ်တဲ့ခန္ဓာငါပါးဆိုတော့ အိမ်ကတတိုတစမှပါလာတာမဟုတ်ဘူး။ အဝိဇ္ဇာသင်္ခါရနဲ့၊ အတိတ်အကြောင်းနဲ့လဲမဆက်သွယ်ဘူး။ ဆက်သွယ်သေးရဲ့လား (မဆက်သွယ်ပါ

ဘုရား )ခုနား ရောက်မှုပေါ်တဲ့ခန္ဓာငါးပါး၊ ရှင်းပြီလား (ရှင်းပါပြီ ဘုရား) ကိုင်းဒါဖြင့်ဒီခန္ဓာငါးပါးကို တကာကြီးဦးစိန်းတို့က ဉာဏ် ဘက်ရမယ်၊ မတက်ရဘူးလား ( တက်ရပါမယ်ဘုရား ) အဲဒီတော့ ဒီခန္ဓာငါးပါးဟာ တကာကြီးဦးစိန်း (ဘုရား) အတိတ်အကြောင်း နဲ့စပ်သေးသလားလို့ မေးရင်ဘယ်နဲ့ဖြေပါမလဲ(မစပ်ပါဘုရား) အနာဂါတ်ကော ရောက်ပလားလို့မေးရင် ဘယ်နဲ့ဖြေပါမလဲ ( မရောက်သေးပါဘုရား ) ဒါဖြင့် တပြည့်တော် ခုနားကအခု မှခန္ဓာငါးပါး ပြေးအသစ်ပေါ်လာရုံရှိပါသေးတယ်။ ဒီလိုသိရမယ် မဟုတ်ဘူးလား(ဟုတ်ပါတယ်ဘုရား)။ ကဲဒါဖြင့်စာကဆိုတော့မြင် တယ် မြင်တာကနာမက္ခန္ဓာလေးပါးထဲက၊ မြင်တာပေါ့၊ မြင်တော့ မှ ဒီဟာကစေးစားလိုက်ရင်ကောင်းမှာဘဲကွာဆိုလို့ရှိယင်ဖြင့်စား ချင်တဲ့လောဘက မလာပေဘူးလား ( လာပါတယ်ဘုရား ) အဲဒီလောဘက၊ ယခုပစ္စုပ္ပန်ခန္ဓာကပွားထွက်လာတယ်၊ တခြားက ပွားထွက်လာတာမဟုတ်ဘူး။ ခုပေါ်တဲ့ခန္ဓာငါးပါးထဲကမှ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿ-ပစ္စယာ ဝေဒနာ-ဝေဒနာ ပစ္စယာ တဏှာ စာမှာဆိုတာ။ ပေါင်းပေါ်တာလေးခု တပြိုင်နက် ပေါ်တာ။ စာတန်းမှာမရေးလို့ရှိယင် ဘယ်သူဖတ်တတ်မှာတုန်း။ စာပုံပြင်ရေး ပါဆိုရင်၊ ဘယ်လိုမှမဖြစ်ဘူး ဖြစ်စဉ်ကနာမက္ခန္ဓာ လေးပါးဟာ။ တပြိုင်နက်ဖြစ်တယ် တပြိုင်နက်ချုပ်တယ် (မှန်ပါဘုရား ) တကာကြီးဦးစိန်း (ဘုရား ) ကျေနပ်ပြီလား (ကျေနပ်ပါပြီဘုရား) စာကတော့ ဒီလေးခုရေးပြီးတော့တခါတည်းချုပ်လိုက်တယ်။ တကာ ကြီးတို့က စာက လေးခုတန်းနေဘယ်လို့၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာဝေဒနာ ဝေဒနာပစ္စယာတဏှာဆိုတော့၊ တကာကြီး စာက၊ စာရှည်ကြီးကိုလို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဖြစ်စဉ်ကဒီလိုမဟုတ်ဘူး ဖြစ်စဉ်က နာမက္ခန္ဓာတရားလေးပါးတပြိုင်

နက်ဖြစ်တယ်၊ တမြိုင်နက်ချုပ်တယ်၊ ရှင်းပြီလား။ (ရှင်းပါပြီဘုရား) ရူပက္ခန္ဓာက ရူပက္ခန္ဓာစုပေါင်းပြီး၊ နာမက္ခန္ဓာလေးပါးဖြစ်စေတယ်။ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ ကိုင်းဒါဖြင့်ရူပက္ခန္ဓာနှစ်ခုပေါင်းဆိုတာ တကာကြီး မျက်လုံးပသာဒ အကြည်ရုပ်က ရူပက္ခန္ဓာ ဒီခုံပေါ်မှာရှိတဲ့အဆင်းရုပ်တွေက ရူပက္ခန္ဓာ၊ဒီရူပက္ခန္ဓာနှစ်ခုပေါင်းပြီးသကာလ နာမက္ခန္ဓာလေးပါးဖြစ်စေတယ်။ သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)။

ကဲ ဒါဖြင့် ရုပ်ရုပ်ချင်းထပ်လို့ရှိယင် ရူပက္ခန္ဓာဖြစ်တယ် နာမ်နာမ်ချင်းထပ်လို့ရှိယင် နာမက္ခန္ဓာ ဖြစ်တယ်။ နာမ်ရုပ်က နာမ်ရုပ်ပေါ်လာတယ် ရှင်းပြီလား။ (ရှင်းပါပြီဘုရား)။ ကိုင်းဒါ အတိတ်လား၊ ပစ္စုပ္ပန်လား လို့ မေးရင် တကာကြီး ဦးစိန်း (ဘုရား) ဘယ့်နယ်ဖြေမလဲ၊ (ပစ္စုပ္ပန်ပါဘုရား)။ ဒါဟာပစ္စုပ္ပန် သက်သက်ဘဲ။ အဝိဇ္ဇာနှင့်ဆက်သွယ် သေးသလားမေးယင် ဘယ့်နယ်ဖြေမလဲ၊ (မဆက်သွယ်ပါဘုရား)။ မဆက်သွယ်ဘူး၊ ဒါဟာ အတိတ်အကြောင်းနဲ့လဲမဆက်သွယ်ဘူး၊ အနာဂါတ်လဲ သူဆက်သွယ်သေးသလားလို့ မေးလို့ရှိယင် ဘယ့်နယ်ဖြေမလဲ၊ (မဆက်သွယ်ပါဘုရား)။ မဆက်သွယ်ဘူး၊ ခဏဘဲ ရှိသေးတယ် (မှန်ပါဘုရား)။ ကောင်းပြီ ဒါဖြင့် ဒို့အခုနေတဲ့ ခန္ဓာငါးပါး က ဖြင့် အမေမွေးတဲ့ ခန္ဓာငါးပါးလဲမဟုတ်၊ ဘယ်သူဖန်ဆင်းတဲ့ ခန္ဓာငါးပါးမှမဟုတ်ဘူး၊ အာရုံပေါ်တော့တိုက်ပြီးသကာလ ပေါ်တဲ့ခန္ဓာငါးပါး၊ ဒါဘဲရှိတယ် (မှန်ပါဘုရား)။ ဒါကဒွါရ။ ဒါကအာရုံ အာရုံနှင့်ဒွါရတိုက်တော့ နာမက္ခန္ဓာလေးပါးပေါ်တယ်၊ ပေါင်းလိုက်တော့ ခန္ဓငါးပါးဖြစ်သွားတယ်။ (မှန်ပါဘုရား)။ ဒါဖြင့် တကာကြီး ဦးစိန်း (ဘုရား)၊ ပစ္စုပ္ပန်အဖြစ်ဖြင့် ကျေနပ်ပြီလား။ (ကျေနပ်ပါပြီဘုရား)။ကိုင်း ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာ ငါး ပါး မှာ

တကာကြီးတို့ဉာဏ်ပေးလိုက်လို့ ရှိရင်၊ အဖြစ်ထာ သိတာပေါ့၊ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

အဖြစ်တာ သိသွားလို့ ရှိယင် အပျက်ထာပေးလိုက်လို့ ရှိယင် တကာကြီးတို့ ဝိပဿနာဉာဏ် ချက်ခြင်းရမယ် မရဘူးလား (ရပါတယ်ဘုရား)

ဒါဖြင့် ဝိပဿနာဉာဏ် ရတယ်ဆိုလို့ ရှိရင်ဖြင့်။ ဘုန်းကြီးက ဒါဟာ တကာကြီး ဦးစိန်းတို့ နေရာကျပြီ။ (တကာကြီးတို့နဂိုရ် စာအုပ်ကြီးနဲ့) စာဆိုတိုင်းပြောနေရတယ် (မှန်ပါဘုရား)

အဲဒီတော့ ဘုရားဟောတော်မူတာက စာပဲမဟုတ်ဘူးလား လို့ မေးတို့မလိုဘူးလား (လိုပါတယ်ဘုရား) ဘုရားဟောတော်မူ တာက ခန္ဓာကြည့်ဟောတာပါ။ ဘုရားကလဲ စာမှမထားခဲ့သေးဘဲ။ ဘုရားပရိနိဗ္ဗာန်စံလို့ ခုနှစ်နှစ်ရှိမှ ပေါ်လာတဲ့စာ။ ဒီစာမဟုတ်ဘူး လား၊ (ဟုတ်ပါတယ်ဘုရား) အဲဒီစာကို ထိုးတွင်းသိတဲ့ဆရာသမား ကဟောလို့ ပစ္စုပ္ပန်ခန္ဓာယူပါ တကာကြီးဦးစိန်း (ဘုရား) ကျေနပ် ပြီလား (ကျေနပ်ပါပြီဘုရား) ကဲဒါဖြင့် သဘောကျပြီလား (သဘောကျပါတယ်ဘုရား) ပစ္စုပ္ပန်ခန္ဓာငါးပါး ဒါဆိုတော့ဘုန်း ကြီးက ဉာဏ်သွင်းလို့ လွယ်တယ် (မှန်ပါဘုရား)

ဒါဖြင့် သင်္ခါရဉာဏ်ကောဘုရားလို့ မေးတို့မလိုဘူးလား (လိုပါတယ်ဘုရား) သင်္ခါရဉာဏ်က အဝိဇ္ဇာ ပစ္စယာသင်္ခါရာ သင်္ခါရက္ခန္ဓာမှာ မရှင်းတော့ဘူး။ ပြန်ပြီးဖွင့်လိုက်မယ်။ ဥပမာ ဒါက တကာကြီးဦးစိန်း ကံကအခုမလုပ်ပေးတယ်၊ ဒီခုံနားရောက်မှ ထည့်လိုက်တဲ့မျက်လုံး အာကိတ်ကံက မျက်လုံးကတော့၊ ချုပ်ချုပ် ပြီးခဲ့ပြီ။ (မှန်ပါဘုရား)

ကဲဒါဖြင့် ဒါဟာ အခုခုံနားကျမှ ဖြတ်ခနဲပေါ်လာတဲ့မျက် လုံး။ ဒီခုံပေါ်က ပစ္စည်းတွေကလည်း ဟိုမှာ အမျိုးမျိုး ပြောင်း

လဲပြီးကုန်ပြီ။ အပူအအေးနဲ့ အကုန်ပြောင်းလဲပြီးကုန်ပြီ။ အပူရုပ်ပြောင်းလိုက် အအေးရုပ်ပြောင်းလိုက်နဲ့ ပျက်စီးကုန်ပြီ ယခုတကာကြီး မျက်မှောက်ရောက်နေတဲ့ ပစ္စုပ္ပန်ပစ္စည်းကြီး ပါလား။ ဒါဖြင့် ဒီပစ္စုပ္ပန်နဲ့၊ဒီပစ္စုပ္ပန်နဲ့ နှစ်ခုသွားပြီးတဲ့ကြသို့ "စက္ခုံစပဋိစ္စ ရူပေ-ဥပ္ပဇ္ဇတိ" မလာပေဘူးလား။ (လာပါတယ်ဘုရား)

အဲဒီကျတော့မှ စက္ခုဝိညာဏ်လို့ ဝိညာဏ်ကလေးမြင်စိတ်ကလေးပေါ်တယ် စာမှာဆိုတော့ မြင်စိတ်ခလေးနဲ့ လို့ဆိုတယ်၊ ဘယ်မြင်စိတ်တွင် ပေါ်လို့ရမလဲ။ နာမက္ခန္ဓာလေးပါး။ ခွဲကောင်းတဲ့ဘုရားလား။ မခွဲကောင်းတဲ့တရားလား (မခွဲကောင်းတဲ့တရားပါဘုရား)

ကိုင်းဒါဖြင့် "ဧကုပ္ပါဒ ဧကနိရောဓ - ဧကလမ္ဗဏ - ဧကဝတ္ထုက ဆိုတော့ ဒီဝေဒနာနဲ့တွဲရမယ်မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား) သညာနဲ့ကော တွဲရမယ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) သင်္ခါရနဲ့ကော တွဲရမယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား) သူ့ဟာသူတွဲရမယ်။ သို့သော် ဒါဟာအကြောင်းအကျိုးမလုံလောက်သေးပါဘူးတဲ့ တွဲတာဖြစ်ပုံသာ ဘုန်းကြီးပြောတာပါ (မှန်ပါဘုရား)။

တကာကြီး ဦးစိန်း (ဘုရား) ယုံမှားတဲ့သံသယကို ဘုန်းကြီးရှင်း မပေးသေးပါဘူး။ ဖြစ်ကောင်းတာ ပြတုံးရှိသေးတယ်။ ရှင်းပြီးလား (ရှင်းပါပြီဘုရား)။ ဒါဖြင့်တကာကြီးတို့စာဆိုနှင့် မချားနားဘူးလား။ (ချားနားပါတယ်ဘုရား) သူက ဖဿပစ္စယာများလို ဝေဒနာလာမှာကို ဒီလိုမဟုတ်ဘူး။နာမက္ခန္ဓာလေးပါး ဧကုပ္ပါဒ ဧကနိရောဓ- ဧကလမ္ဗဏ- ဧကဝတ္ထုက။တပြိုင်တည်းဆိုတော့ တကာကြီးဟာ။ အသာထားလိုက်ဦး။ ခန္ဓာငါးပါးပြည့်ပြီလား၊ မပြည့်သေးဘူးလား၊ ရှင်းလိုက်ဦး။ (ပြည့်ပါပြီဘုရား)။

ကိုင်းဒါဖြင့် ဟောဒါနဲ့ ဒါက ရုပက္ခန္ဓာမဟုတ်ဘူးလား။ တပေါင်းတည်းဖြစ်ထာက နမက္ခန္ဓာ ၄ နှင့် ၁ ပေါင်းလျှင် ၅ ဖြစ်သွားတယ်။ ဒါပစ္စုပ္ပန် ခန္ဓာမဟုတ်ရင်ဘာတုံး။ ဒါကိုဝိပဿနာ ရှုရမယ်။ မနေ့ကဟာရှုလို့လဲမရဘူး တမြန်မနေ့ကဟာရှုလို့လဲမရဘူး။ နက်ဖြန်ကာကိုရှုလို့လဲမရဘူး။ တကာကြီးဦးစိန်း(ဘုရား)။ ကျေနပ်ပြီးလား (ကျေနပ်ပါပြီဘုရား)။

ကဲဒါဖြင့် ကျေနပ်ပြီဆိုပြီးတော့ သာဓုအရမ်းမခေါ်နဲ့) တကာကြီးတို့ သာဓုကကျောက်စရာကြီးမဟုတ်ဘူးလား။ မသိတဲ့လူခေါ်တဲ့ သာဓုက နွားသတ်ထာ သာဓုခေါ်နေရင် ခက်တယ်၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) နွားသတ်သမား အမျှဝေသလို ဖြစ်နေမှာ။ (မှန်ပါဘုရား)။ ကဲနာရီစေ့သွားပြီး အားထုတ်ကြဦးစို့။

သာဓု—သာဓု—သာဓု

# ဝိပဿနာအလုပ်တရား

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

## သံလိုက်ဆရာတော်

ဟောကြား ဆုံးမ **နည်း**လမ်းပြတော်မူသော တရားတော်

## ၁၃၃၂ ခု-နယုန်လဆန်း(၈)ရက်

(ပဋ္ဌ) ယောစဝဿ သတံဇီဝေ၊ အပဿံဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတောဓမ္မမုတ္တမံ။
"ဓမ္မပဒပါဠိတော်"

(အနက်) ယောစ၊ **အ**ကြင်သူသည်ကား၊ ဓမ္မမုတ္တမံ၊ အမြတ်ဆုံးဖြစ်တဲ့ ရုပ်နာမ်ကို (**လောကီကို ရည်သည်။**) **အ**ပဿံ၊ မမြင်ရဘဲလျက်။ ဝဿသတံ၊ အနှစ်တရာမျှ။ ဇီဝေ၊ **အသ**က်ရှင်၍**နေ**ငြားအံ့။ **နသေယျော**၊ မမြတ်ပါ။ ယောစ၊ အကြင်သူသည်ကား။ ဓမ္မမုတ္တမံ၊ အမြတ်ဆုံးဖြစ်တဲ့ရုပ်နမ်ကို ပဿတော၊ မြင်ရသောသူ၏။ ဧကာဟံ၊ တရက်ထဲမျှ။ ဇီဝိတံ၊ **အသက်**ရှင်ခြင်းသည်။ သေယျော၊ မြတ်လှပေ၏။

ရုပ်နာကိုမတွေ့ဘဲ အနှစ် (၁၀၀) ကမ္ဘာပေါင်း (၈၄၀၀၀) နေရခြင်းသည်။ **မ**မြတ်ပါဘူးတဲ့။ ရုပ်နာမ်ကိုတွေ့၍ တရက်ထဲ **နေ**ရခြင်းက မြတ်လှပါ၏။ ဘုရားဓမ္မပဒ ပါဠိ**တော်**မှာ **ဟော**တော်မူတယ်။ အဲဒါဗုဒ္ဓဗျာဒိတော်ကြီးမို့လို့ မလွန်နိုင်ကြပါနှင့်တဲ့။ တကာ**ကြီးဦးစိန်း** လွန်နိုင်ရပါ့မလား (မရပါဘုရား)

မရမှန်းသိရင် လုပ်တော့မလား (လုပ်ပါမည်ဘုရား) ကိုင်းဒါဖြင့် လုပ်နည်းနားထောင်။ ခန္ဓာငါးပါးဖြစ်ထာတော့ တကာကြီး ဦးစိန်းတို့ ကောင်းကောင်းကျေနပ်ပြီဆိုကြပါစို့။ အရင်ဥပုနေ့က ကြုံနေတဲ့ သင်္ခါရက္ခန္ဓာဖြစ်ပုံကလေး၊ ဒီအထဲမှာ အတွင်းဝင်နေပုံကလေး၊ မကျေနပ်ထာဘဲမဟုတ်လား။ (မကျေနပ်ထာမဟုတ်ပါဘူးဘုရား။ နားမလည်တာဖြစ်ပါယ်တယ်ဘုရား)။

ကဲဒါဖြင့် ခန္ဓာငါးပါးကုန်ပြီ ပစ္စုပ္ပန်ငါးပါး ကုန်ယင်ဖြင့် အတိတ်ကမပါလာတာ သချာပါပြီဘုရားလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။ ဆိုနိုင်ပါပြီဆိုတော့ ဒီတွင်ဘဲ ဝိပဿနာဉာဏ်။ သင်္ခါရက္ခန္ဓာလဲ မရှင်းသေးဘူးလားလို့ ဆိုတဲ့ အခါကြတော့ တကာကြီး ဒီလိုလုပ်ဖြေလိုက်ထာပေါ့။ ဒီထဲမှာစာဆိုကတော့ ဘုရားကဟောတယ် ဟောစဉ်ကဟောစဉ်။ ဖြစ်စဉ်ကဖြစ်စဉ်။ နှစ်မျိုးမှာ၊ ဟောစဉ်ကဲ၊ စက္ခုံစပဋိစ္စ၊ သူ့ကိုလဲ အစွဲပြုရမယ်။ သူလဲ အကြောင်းဘဲ၊ ဟောဒီခုံပေါ်က ပစ္စည်းတွေလဲ အကြောင်းဘဲ။ ဒီအကြောင်းနှစ်ခု မျက်လုံးနဲ့အဆင်းတည်းဟူသော အကြောင်းနဲ့ ပေါင်းမိလို့ ဝိဉာဏ်ပေါ်တယ်။ စက္ခုံစပဋိစ္စ ရူပေစဟု၊ စက္ခုဝိဉာဏ်မျက်လုံး ဝိဉာဏ်ကဲလေးပေါ်တယ်။ ကဲတကာကြီးဦးစိန်း (ဘုရား) တခုတည်းပေါ်ကောင်း မပေါ်ကောင်း (မပေါ်ကောင်းပါဘူးဘုရား)။

ကိုင်းမပေါ်ကောင်းရင်၊ နာမက္ခန္ဓာလေးပါးလဲ ပေါ်ရလိမ့်မယ်၊ မပေါ်ရဘူးလား (ပေါ်ရပါတယ်ဘုရား) ပေါ်ရတော့သူက ဒီနေရာမှာ၊ ခေါင်းဆောင်နေလို့၊ ဝေဒနက္ခန္ဓာ။ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ-ငုတ်လျှိုးပြီး ဝင်လိုက်တာ။ သူကခေါင်းဆောင်နေနေလို့ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား)။

ကဲ ဒါဖြင့် တကာကြီး ဦးစိန်း (ဘုရား)၊ ရှာလပတ်ရည်-သောက်ကြည့်ပါလား။ ချင်တဲ့ရှာလပတ်ရည် သောက်လိုက်တဲ့ အခါကြတော့၊ ချင်လိုက်ထာဘုရားလို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား) ချင်တာသာတကာကြီးပြောနေတာ။ ချိုတဲ့သကြားလေးကောမပါဘူးလား၊ (ပါပါတယ်ဘုရား) ငံတဲ့ဆားကလေးကော မပါဘူးလား (ပါပါတယ်ဘုရား) အေးတဲ့ရေကလေးကောမပါဘူးလား (ပါပါတယ်ဘုရား) ကိုင်းဒါဖြင့် ငုတ်လျှိုးပြီးပါတယ် ရှင်းပြီလား (ရှင်းပါပြီဘုရား)ဒါနဲ့တကာကြီးက ချင်တာတခုသဲခေါင်းဆောင်ပြောနေတာကိုဆိုတော့၊ ဒီပြင်ဟာတွေက မထက်လိုပါဘုရားလို့မဆိုနိုင်ဘူးလား ။(ဆိုနိုင်ပါတယ်ဘုရား) သူ့ဘိုကမထက်ဘဲနဲ့ ဝင်ပါရတယ် ရှင်းပြီးလား (ရှင်းပါပြီဘုရား) သို့သော်ဒါက သမညရှင်းပေးတာ။ ဝိသေသမဟုတ်ပါဘူး၊ စေတနာက မစေ့ဆော်ဘဲနဲ့ ။ ဟောဒီမျက်လုံးကဲဒီကိုမတဲ့ဘူး။ စေတနာကထွန်းမပေးလို့ရှိရင် ဒီကိုဘဲ့တဲ့မသွားဘူး အဆင်းဆီ တဲ့တဲ့သွားပါမလား၊ (မသွားပါဘုရား) မျှားချိန်သလိုစေတနာတဲ့ပေးမှ၊ မျှားကိုစေတနာလေးကဟိုဘက်ကဲ့ပေး ဒီဘက်တဲ့ပေး၊ ဒီလိုမှမျှားချိန်တော့ပြစ်ကွင်းကိုမမှန်ဘူးလား (မှန်ပါတယ်ဘုရား) ကိုင်းစေတနာပါမလား။ (ပါပါပြီဘုရား) သူကတဲ့ပေးနေတယ် (မှန်ပါဘုရား) ဒါနဲ့ဒါတဲ့ပေးသသလို သင်္ခါရခန္ဓာတဲ့ပေးတယ်။ (မှန်ပါဘုရား)ဟော မင်းပြစ်ရမဲ့အဆင်းကွဆိုပြီးသကာလ၊ ဝေဒနာကခံစားပေးတယ်။ သညာကမှတ်သားပေးတယ်၊ စေတနာလို့ခေါ်တဲ့ သင်္ခါရကစေ ဆော်ပေးတယ်၊ ဝိညာဏက္ခန္ဓာက။ ဒါ ပြစ်ရမှာဘဲဆိုပြီး၊ သေသေချာချာသိတယ်၊ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား) ဒါဖြင့်ဖဿကလဲဒီဟာနဲ့ဒီဟာဆက်သွယ်ပေးတယ်ဆိုတော့သင်္ခါရက္ခန္ဓာကလဲ၊ မပါဘူးလား (ပါပါတယ်ဘုရား) ဒါဖြင့် မပြဋ္ဌာန်းဘဲနဲ့

ပါတယ်။ ပြဋ္ဌာန်းတာက-ဝိညာဏ်၊ မပြဋ္ဌာန်းတာကကြုံခန္ဓာသုံးပါး ရှင်းပြီးလား (ရှင်းပါပြီဘုရား) ရှာလပါတ်ရေ သောက်သလိုဘဲ အချင်လွန်ကဲသွားလို့ (မှန်ပါဘုရား) ကိုင်းဒါဖြင့်ဒီနေရာမှာ။ သူမလွန်ကဲဘဲနဲ့၊ သမ္ပယုတ္တအဖြစ်နဲ့ပါနေတယ်၊ ရှင်ဘော်ရှင်ဘက် အဖြစ်နဲ့ပါတယ်၊ သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား) ဒါဖြင့် ခန္ဓာငါးပါးပြေ့မပြေ့ (ပြေ့ပါပြီဘုရား) အဲ့ဒီတော့နှစ်ခုပေါင်းလိုက်ရင်၊ ရူပက္ခန္ဓာကရုပ်ချီးမို့ တူရာပေါင်းလိုက်တော့၊ တခုတီးဖြစ်သွားတယ်။ နာမက္ခန္ဓာက တပေါင်းတည်းဖြစ်လို့ တပေါင်းတည်းဖြစ်သွားလို့၊ ခန္ဓာက တကာကြီးဦးစိန်း (ဘုရား)ငါးပါးဖြစ်တယ်။ ဒါကိုအတိတ်ခန္ဓာလား၊ ပစ္စုပ္ပန်ခန္ဓာလားလို့မေးပြီး (ပစ္စုပ္ပန်ခန္ဓာပါဘုရား)ပစ္စုပ္ပန်ခန္ဓာဖြစ်ရင်တကာကြီးတို့ဉာဏ်နှင့် ရှာမကြည့်ရပေဘူးလား၊ အတိတ်ခန္ဓာတော့ တကာကြီးတို့ရှာလို့မရဘူး သဘောကြရဲ့လား (သဘောကြပါတယ်ဘုရေး) အတိတ်ခန္ဓာရှာလို့ရှိရင်တွေ့နိုင်ပါမလား (မတွေ့နိုင်ပါဘုရား) ဘယ်တွေ့မလဲ တကာကြီးတို့ မရှိတာရှူလို့၊ ရှိတယ်ဆိုရင်မှားမနေဘူးလား၊ ရှိတယ်ဆိုရင် ရူးတယ်ဆိုရမှာပေါ့ (မှန်ပါဘုရား)။ ကဲဒါဖြင့်ပစ္စုပ္ပန်ခန္ဓာငါးပါးသဘောကြပြီလား၊ (သဘောကြပါပြီဘုရား)

သဘောကြတယ်ဆိုတော့၊ ဒါပစ္စုပ္ပန်ခန္ဓာငါးပါး၊ ဝိပဿနာဘုန်းကြီးထည့်မပေးသေးဘူး၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကလေး ခွာကြဦးစို့။ မူလစကားကလေးပြန်အုပ်ကြဦးစို့၊ ဒါနှစ်ခုက ရူပက္ခန္ဓာဆိုတော့ ရုပ်တရားတွေဘဲ၊ ဒီလေးခုက နာမက္ခန္ဓာဆိုတော့ နာမ်တရားတွေဘဲ သူကပဋိစ္စသမုပ္ပါဒ်၊ သူကဒီပဋိစ္စသမုပ္ပန္န၊ သူတို့နှစ်ခုကအကြောင်း၊ သူတို့လေးခုကအကျိုး (မှန်ပါဘုရား) အကျိုးဆိုတော့ တကာကြီးဦးစိန်း (ဘုရား) အကြောင်းအကျိုးလား၊ ခန္ဓာငါးပါးလားလို့မေးတဲ့အခါကြတော့၊ ဘယ်နှဲ့ဖြေပါမလဲ၊ (အကြောင်း

အကျိုးပါဘုရား) အကြောင်းအကျိုးသာ ရှိတယ်လို့ သိသဖြင့် ဝိစိကိစ္ဆာသေသွားပြီ (မှန်ပါဘုရား)။ အကြောင်းအကျိုးသာရှိတော့တယ်၊ပုဂ္ဂိုလ်သတ္တဝါ၊တကာကြီးဦးစိန်းပါသေး သလား (မပါပါဘုရား)ဒါဖြင့်ပုဂ္ဂိုလ်သတ္တဝါမရှိပါဘူး၊ဟောဒီအကြောင်းနှစ်မျိုး ဟောဒီအကျိုးလေးမျိုးဒါဘဲရှိတယ်၊ ရှင်းပြီးလား(ရှင်းပါပြီဘုရား) ဒါဘဲရှိတယ်ဆိုတော့ အကြောင်းအကျိုးသိရင်၊ ငါဘယ်ကလာပါလိမ့်မတုံးဆိုတဲ့ ဒိဋ္ဌိကဝင်နိုင်သေးရဲ့လား (မဝင်နိုင်ပါဘုရား) မဝင်နိုင်ဘူး ဒါကရုပ်တရားဖြင့် ရုပ်တရားဘဲ ငါမရှုတ်နဲ့ ဒါကနာမ်တရားဖြင့် နာမ်တရားဘဲ၊ ငါမရှုတ်စေနဲ့ဆိုတော့ အကြောင်းနှင့်အကျိုးသိတုန်းက၊ ယုံမှားခြင်းဝိစိကိစ္ဆာသေခဲ့ပါတယ်၊ ရှင်းပြီလား ( ရှင်းပါပြီဘုရား ) ဒီအကြောင်းနှစ်ကြောင်းကြောင့် ဒီအကျိုးလေးကျိုးဆိုတော့၊ဝိစိကိစ္ဆာလာနိုင်သေးရဲ့လား၊သိကြားဗြဟ္မာဘုရားဖန်ဆင်းတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)

ကိုင်းဒါဖြင့်ရင် ဒါကကံကဖြစ်စေတဲ့ စက္ခုပသာဒရုပ်ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ဒါကိုမေးလို့ရှိရင် ဥတုကဖြစ်စေတဲ့ ပစ္စည်းတွေဆိုတော့၊ ရှင်းမနေဘူးလား (ရှင်းပါတယ်ဘုရား) ဒါက၊ ဒီကံ၊ဥတု၊ နှစ်ခုပေါင်းပြီးလုပ်လိုက်တဲ့ နာမက္ခန္ဓာလေးပါးပိုရှင်းမသွားဘူးလား ။( ရှင်းပါထယ်ဘုရား ) မရှင်းလို့ရှိရင်ဒါနှစ်ခုကိုရုပ်ခေါ်မယ်၊ ဒီလေးခုကိုနာမ်ခေါ်မယ်၊ ဘကာကြီးဦးစိန်း မသေချာဘူးလား(သေချာပါတယ်ဘုရား) ကဲဒါဖြင့် ဒီနှစ်ခုက အကြောင်း၊ ဒီလေးခုကအကျိုးဆိုလျှင်မှန်မှာဘဲ ဒါဖြင့်အကြောင်းအကျိုးသိတော့ ဝိစိကိစ္ဆာသေတယ်၊ ရှင်းပြီလား (ရှင်းပါပြီဘုရား) ဒါဟာရုပ်နဲ့ နာမ်ဘဲရှိတော့တယ်ဆိုတာတော့၊ မသိသေးဘူးလား (သိပါတယ်ဘုရား) ဒိဋ္ဌိကဘယ်နေရာကခိုမတုန်း ခိုနိုင်သေးရဲ့လား

(မခိုနိုင်ပါပြီးဘုရား) ဒီထဲငါပါသေးရဲ့လား (မပါပါဘုရား) ဒီထဲကော ငါပါသေးရဲ့လား။ (မပါ ပါဘုရား)။

ကိုင်း ဒါဖြင့် ဒိဋ္ဌိကွာနေတယ်၊ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာနေတယ် ဟောဒါတနာရီမပြည့်သေးပါဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာကွာနေတယ်၊ ဒါသိကွာ—ရှိသေးတယ်၊ သိကွာ၊ ကျင့်ကွာ၊ ပယ်ကွာ၊အကွာသုံးမျိုး ဟောရဦးမယ်၊ (မှန်ပါဘုရား)။ ဒါသိကွာ၊ နောက်ကြတော့ ကျင့်လို့ကွာသွားတာရှိသေးတယ်၊ နောက်ကြတော့ မလာနဲ့ ဆိုတော့၊ အာဏာနဲ့ ကိုယ်မလာနဲ့ဆိုတာ၊ ပယ်ကွာ ရှိသေးတယ်၊ အကွာသုံးမျိုး ဒိဋ္ဌိဝိစိကိစ္ဆာ ကွာနည်းသုံးမျိုးရှိပါတယ်၊ (မှန်ပါဘုရား)။ တကဲကြီးတို့ကယ်တင်ရတာ လွယ်တယ်ထင်သလား၊ (မလွယ်ပါဘုရား)။ သို့သော် ကယ်တော့ ကယ် တင် မှ ပေါ့၊ အခြေက ကိုင်နေရတာ၊ ခု တော်တော်ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ ကဲ-တခေါက်ပြန်ပြောဦးမယ်၊ ဟောဒီ မျက်လုံးကလဲ ကံကပေးလိုက်တဲ့ မျက်လုံး၊ ကံကခဏခဏ တည်ပေးတယ်၊ တလုံးပျက်ယင်း တလုံးထည့်ပေးယင်း၊ ပသာဒရုပ်ဆိုတော့ ဒီထဲမှာလဲ ကံတည်းဟူသောအကြောင်းကြောင့် ဖြစ် တဲ့ မျက် လုံး၊ ဒါဥတုကြောင့် ဖြစ်တဲ့ပစ္စည်းမဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါတယ်ဘုရား)။ ကဲ—ကံနဲ့ဥတုနဲ့ ပေါင်းလိုက်တဲ့ အခါကြတော့ နာမ် ပေါ် လာတယ်။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ။ စက္ခုဝိညာဏံ ပေါ့၊ မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ သူ နာမက္ခန္ဓာ ဘယ်နှစ်ပါးဖြစ်ပါသလဲ၊ (လေးပါးဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် ရူပက္ခန္ဓာ နှစ်ခုထိခိုက်တာနဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ်၊ လက်နှစ်ခုထိခိုက်တာနဲ့ အသံပေါ်တယ်၊ မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)၊ ဒီအတိုင်းပါဘဲတဲ့၊ ဒါဟာပစ္စုပ္ပန်လား အတိတ်လား အနာဂါတ်လားမေးယင် ဘယ်နဲ့ဖြေမလဲ (ပစ္စုပ္ပန်ပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာကို တကာကြီးတို့တွေ့ပြီ၊ သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)။ ဘယ်ခန္ဓာတွေလဲ(ပစ္စုပ္ပန်ခန္ဓာတွေ ပါတယ်ဘုရား ။

ကိုင်းဒါဖြင့် မြင်တဲ့အခါမှာကော၊ ဒီကမြင်တဲ့မျက်စိနဲ့ ဟိုကအဆင်းနဲ့၊ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကမြင်တဲ့ မျက်စိနဲ့ ဟိုကအဆင်းနဲ့က နှစ်ခုပေါင်းတော့ရူပက္ခန္ဓာတလုံး၊သူတို့နှစ်ခုပေါင်းပေးခြင်းကြောင့်၊ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ်။ (မှန်ပါဘုရား)။ ဒါဖြင့် ၁-နှင့် ၄-ပေါင်းတော့ ၅ ဖြစ်သွားတယ် ဒါဟာမြင်တဲ့အခါမှာကော၊ ခန္ဓာငါးပါးဖြစ်မသွားပေဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ ကြားတဲ့အခါမှာကော ဒီကြားတဲ့နားနဲ့ ဟိုကအသံနဲ့ ပေါင်းမိတဲ့ အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကကြားတဲ့နားနဲ့ ဟိုကအသံနဲ့က နှစ်ပေါင်းတော့ ရူပက္ခန္ဓာတလုံး၊ သူတို့နှစ်ခု ပေါင်းပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာ လေးပါးပေါ်တယ်။ (မှန်ပါဘုရား)။ ဒါဖြင့် ၁-နှင့် ၄-ပေါင်းတော့ ၅-ဖြစ်သွားတယ်၊ ဒါဟာကြားတဲ့ အခါမှာကော ခန္ဓာငါးပါးဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ နံတဲ့အခါမှာကော ဒီကနံတဲ့နှာခေါင်းနဲ့ ဟိုကအနံ့နဲ့ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ ( ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကနံတဲ့ နှာခေါင်းနဲ့ ဟိုကအနံ့နဲ့က နှစ်ခုပေါင်းတော့ ရူပက္ခန္ဓာတလုံး၊ သူတို့နှစ်ခု ပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ် (မှန်ပါဘုရား) ဒါဖြင့် ၁-နှင့် ၄—ပေါင်းတော့ ၅ ဖြစ်သွားတယ်၊ ဒါဟာ နံတဲ့အခါမှာ

ကောခန္ဓာ ငါးပါးဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ စားတဲ့အခါမှာကော ဒီကစားပါးစပ်နဲ့ ဟိုကအရသာနဲ့ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကစားတဲ့ပါးစပ်နဲ့ ဟိုကရအသာနဲ့က နှစ်ခုပေါင်းတော့၊ ရူပက္ခန္ဓာတလုံး၊ သူတို့နှစ်ခုပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး ပေါ်တယ်၊ (မှန်ပါဘုရား)။ ဒါဖြင့် ၁-နှင့် ၄ ပေါင်းတော့ ၅-ဖြစ်သွားတယ်၊ ဒါဟာ စားတဲ့အပေါ်မှာကော ခန္ဓာငါးပါး ဖြစ်မသွားပေဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ ကိုင်တဲ့အခါမှာကော၊ ဒီကကိုင်တဲ့လက်နဲ့ ဟိုကကိုင်စရာနဲ့ ပေါင်းမိတဲ့အခါကြတော့၊ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ဒီက ကိုင်တဲ့လက်နဲ့ ဟိုကကိုင်စရာနဲ့က နှစ်ခုပေါင်းတော့ ရူပက္ခန္ဓာတလုံး၊ သူတို့နှစ်ခုပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့နာမက္ခန္ဓာလေးပါးပေါ်တယ်၊ (မှန်ပါဘုရား)။ ဒါဖြင့် ၁ နှင့် ၄ ပေါင်းတော့ ၅ ဖြစ်သွားတယ်၊ ဒါဟာ ကိုင်တဲ့အခါမှာကော ခန္ဓာငါးပါး ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ ရှောက်တဲ့အခါမှာကော

ဒီကရှောက်တဲ့ခြေထောက်နဲ့ ဟိုက ရှောက်စရာနဲ့ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကရှောက်တဲ့ခြေထောက်နဲ့ ဟိုကရှောက်စရာနဲ့ကနှစ်ခုပေါင်းတော့ ရူပက္ခန္ဓာတလုံး သူတို့နှစ်ခုပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ်။ (မှန်ပါဘုရား)။ ဒါဖြင့် ၁ နှင့် ၄ ပေါင်းတော့ ၅ ဖြစ်သွားပါတယ်၊ ဒါဟာ ရှောက်တဲ့အခါမှာကော ခန္ဓာငါးပါးဖြစ်မသွားဘူးလား။ (ဖြစ်သွားပါတယ်ဘုရား)။

ယားတဲ့နာတဲ့အခါမှာကော ဒီက ကာယဒွါရနဲ့ ဟိုက ယားနာနဲ့ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာ လေးပါး မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီကဒွါယနဲ့ ဟိုက ယားနာနဲ့က နှစ်ခုပေါင်းတော့ ရူပက္ခန္ဓာ တလုံး၊ သူတို့နှစ်ခုပေါင်းပေးခြင်းကြောင့်ဝိညာဏ်ဆိုတဲ့နာမက္ခန္ဓာ လေးပါးပေါ်တယ်၊ (မှန်ပါ့ဘုရား)။ ဒါဖြင့် ၁ နှင့် ၄ ပေါင်း တော့ ၅ ဖြစ်သွားတယ်။ ဒါဟာ ကာယဒွါရမှာကော ခန္ဓာငါး ပါးဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။ မှိုင်တွေချ ပြီး ကြံ စိ နေ တဲ့ အ ခါမှာကော ဒီမနောဒွါရနဲ့ ဟိုက အာရုံနဲ့ ပေါင်းမိတဲ့အခါကြတော့ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာလေးပါးမပေါ် ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ ဒီက မနောဒွါ ရနဲ့ ဟိုက အာရုံနဲ့က နှစ်ခုပေါင်းတော့ ရူပက္ခန္ဓာတလုံး၊ သူတို့ နှစ်ခု ပေါင်းပေးခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာ လေးပါး ပေါ်တယ်၊ (မှန်ပါ့ဘုရား)။ ဒါဖြင့် ၁ နှင့် ၄ ပေါင်းတော့ ၅ ဖြစ်သွားတယ်။ ဒါဟာ မှိုင်တွေချပြီး ကြံစိနေတဲ့အခါမှာကော၊ မနောဒွါရက ခန္ဓာငါးပါး ဖြစ်မသွားပေဘူးလား၊ (ဖြစ်သွားပါ တယ်ဘုရား)။

အဲဒီခန္ဓာငါးပါးတွေ ဒွါရခြောက်ပေါက်မှာလှည့်နေတယ်၊ ဒီငါးပါးချုပ်သွားရင် နောက်ငါးပါးနဲ့ အသက်ရှင်တယ်၊ မျက်လုံးပေါက်က ငါးပါးချုပ်သွားရင် နားပေါက်က ငါးပါးနဲ့ အသက်ရှင်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ နားပေါက်က ငါးပါးချုပ်သွားရင် နှာခေါင်းပေါက်ကငါးပါးနှင့်အသက်ရှင်နေ တယ် တခါတလေ နှာခေါင်းပေါက်ချီး ထပ်ပြီးရှင်ချင်လဲ ရှင်မှာဘဲ။ တခါတလေကြတော့ လျှာပသာဒနဲ့ အသက်မရှင်ဘူးလား၊ (ရှင် ပါတယ်ဘုရား)။ တခါတလေကြတော့ ကိုယ်ပေါက်ကပေါ်တဲ့

ငါးပါးနဲ့ အသက်မရှင်ဘူးလား၊ (ရှင်ပါတယ်ဘုရား)။ တခါတလေကြတော့ မနေ့ဒပါက်ကပေါတဲ့ ငါးပါးနဲ့၊ အသက်မရှင်ဘူးလား၊ (ရှင်ပါတယ်ဘုရား)။ ဒါဖြင့်ခန္ဓာငါးပါး တနေ့ဘယ်နှစ်ပါတ်လှည့်သတုန်းလို့ မေးလို့ရှိရင် ဘယ်နယ်ဖြေမလဲ။

(မရေတွက်နိုင်ပါဘုရား) အဲဒီမရေတွက်နိုင်တာကို တပါတ်တပါတ်ကို ဘုန်းကြီးတို့တကာကြီးတို့က တဥာဏ် တဥာဏ်လိုက်ဖို့အရေးကြီးတယ်၊ (မှန်မပါဘုရား) တဥာဏ် တဥာဏ် လိုက်တော့တကာကြီးဦးစိန်း.... (ဘုရား)။ သေတာကို မြင်ပြီလား (မြင်ပါပြီဘုရား) ပေါ်ပြီလား တကာကြီးဦးစိန်း ပေါ်ပါပြီဘုရား)။ ကိုယ့်အသေကိုယ် မြင်ပြီလား မမြင်ဘူးလား၊ (မြင်ပါပြီဘုရား)၊ ရှုခိုင်းတဲ့အခါမှာလေ မမြင်နိုင်ပေဘူးလား။ (မြင်နိုင်ပါတယ်ဘုရား)။ အဲဒါမြင်လို့ရှိရင် သူများအသေ မြင်တာလား၊ ကိုယ့်အသေ ကိုယ်မြင်တာလား မေးလို့ရှိယင် ဘယ်နဲ့ဖြေမတုန်း (ကိုယ့်အသေ ကိုယ်မြင်တာပါဘုရား)။ သူများသေဘာတောင် တကာကြီးတို့ မသာပို့ဘူးပါတယ်၊ ကိုယ်သေတာတော့ ဘယ်တော့မှမပို့ဘူးဘူး၊ ကဲ မသာပို့ချင်သလား၊ ရိပ်မိပလား တကာကြီးဦးစိန်း၊ ပြောင်းပြောင်းပြောနေတာ ကိုယ့်အသေကိုယ်မသိတော့ အင်မတန်ညံ့တယ်လို့ မဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါတယ်ဘုရား)။ နိဗ္ဗာန်မရသေးရင် အညံ့ချီးပေါ့၊ (မှန်ပါဘုရား)။ ကဲ—ဒါဖြင့် တကာကြီး ဦးစိန်း (ဘုရား)။ တနေ့ ခန္ဓာ ငါး ပါး ဘယ်လောက်သေပြီတုန်း၊ (မရေတွက်နိုင်ပါဘုရား ။ ဒါဖြင့်ကုဋေ ၅၀၀၀ ကျော်လဲတာ တကာကြီးသဘောကြဘူးလား၊ (ကြပါတယ်ဘုရား) ။ ခန္ဓာငါးပါး တပါး တပါးလဲလိုက်တော့ ငါးပါးစလုံးလဲနေတယ်ဆိုတော့ သဘောအားဖြင့် တော့ သိပါပြီ တဲ့ ၊ သိတော့ ငါးပါးလုံး ရှုလို့မရပါဘူး၊ သဘောပြောင်း သွားပြီး

ငါးပါးစလုံးလဲတာကိုတော့ကို ဘုန်းကြီးက ရှင်းပြတယ်၊ ရှင်းပြလို့ တကာကြီးတို့ စိတ်ထဲမှာ ကြေနပ်တယ်၊ မျက်လုံးပေါက်ကငါးပါး လဲဘယ်၊ မျက်လုံးပေါက်တွင်ဘဲ ငါးပါးချင်းကိုထပ်ပြီး အမျိုးမျိုး လဲလိုက်တယ်၊ မရှိပေဘူးလား၊ (ရှိပါတယ်ဘုရား)။ နားပေါက်က ကော ထပ်ထပ်ပြီး လဲနေတယ်၊ အဆက်ဆက်ကြား နေရရင်၊ အဆက်ဆက်ငါးပါးဖြစ်မှာဘဲ မဖြစ်ဘူးလား၊(ဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် အသေပေါင်းရေတွက်နိုင်သေးရဲ့လား။

(မရေတွက်နိုင်ပါဘုရား)။

အဲ့ဒီအသေပေါင်း မရေတွက်နိုင်တာကို အသေသိစေဘဲ့ ဉာဏ်ကို ရှုပေးစမ်းပါဆိုတာ၊ ဝိပဿနာရှုခိုင်းတာ၊ ကိုယ့်အသေ ကိုရှုခိုင်းတာ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။ တကာကြီး ဦးစိန်း၊ (ဘုရား)။ ဝိပဿနာရှုဆိုတာ ဘာပါလိမ့်မတုန်း။ ကုသိုလ်ရအောင်ရှုတာလား၊ ကိုယ့်အသေ ကိုယ်မြင်အောင်ရှုခိုင်း တာလား၊ အဲဒါဖြေစမ်းပါ၊ (ကိုယ့်အသေကိုမြင်အောင် ရှုခိုင်း တာပါဘုရား)။ ကိုင်းဒါဖြင့် ကိုယ့်မသာ ကိုယ်မြင်အောင်ကြည့် သဘောကြရဲ့လား၊ (သဘောကြပါတယ်ဘုရား)။ ကိုင်းဒါဖြင့် တကာကြီးဦးစိန်း၊ (ဘုရား)။ ကိုယ့်အသေ ကိုယ်မြင်ဘူးရဲ့လား လို့မေးတော့ ဘယ့်နယ်ဖြေမသဲ၊(မမြင်ဘူးပါဘုရား)။ မြင်နိုင်တဲ့ ဉာဏ်ကင်းခဲ့လို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။ အခုတော့ပေးပြီ၊ ဘုန်းကြီးကကိုယ့်အသေ ကိုယ်မြင်တဲ့ဉာဏ်ကိုပေး ပြီ၊ ဟောဒီမျက်လုံးထဲကမြင်တဲ့စိတ်ခလေး ပျက်သွားတယ်၊ မြင် တာကလေးက မမြင်တော့ဘူးဆိုတော့ သူပျက်လို့ပေါ့၊ ပျက်တာ ကလေးကို နောက်က ဉာဏ်နဲ့ကြည့်လိုက်တော့၊ ဒါဟာကိုယ်သေ တာဆိုတာပေါ်တာဘဲ၊ တကာကြီးဦးစိန်း ကိုယ်သေတာကိုမမြင် သေးဘူးလား၊ (မြင်ပါပြီဘုရား)။

ကိုင်းကိုယ်သေတာကို မြင်လို့ရှိရင်ဖြင့် တိတိရှင်းရှင်းပြောကြပါစို့၊ တကာကြီး ဦးစိန်း၊ (ဘုရား)။ နောက်ဘဝခန္ဓာလိုချင်သေးသလဲ၊ (မလိုချင်တော့ပါဘုရား)။ သေရမှာဖြင့် မလိုချင်ဘူးပေါ့၊ (မှန်ပါဘုရား)။ ဒါဖြင့် မလိုချင်ယင် မဖြစ်တော့ဘူး၊ မဖြစ်တော့ဘာတုန်း၊ အသေဇာတ်သိမ်းတယ်၊ မလိုချင်မှု မလိုချင်ဘဲကိုး၊ မလိုချင်တာက ဘာဖြစ်လို့မလိုချင်တာတုန်း၊ မေးဘို့မလိုဘူးလား၊ (လိုပါတယ်ဘုရား)။ မလိုချင်တာကအသေမြင်လို့မလိုချင်တာ၊ အသေက ဒုက္ခသစ္စာ၊ မြင်တာကမဂ္ဂသစ္စာ၊ သူလာတော့ ဒီက နောက်ထပ် ခိုချင်တဲ့ တဏှာက၊ နောက်က ကျုပ်ခိုပါရစေဦး ဆိုပြီးတော့ ကပ်လို့ ရသေးရဲ့လား၊ (မရပါဘုရား)။ မရတော့ဘူး မဂ်ကဖြတ်တယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်။ မပြတ်ဘူးလား၊ (ပြတ်ပါတယ်ဘုရား)။

ကိုင်း မပြတ်လို့ရှိယင် ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ ဆိုတာမလာဘူးလား၊ (လာပါတယ်ဘုရား)။ ဥပါဒါန်ပစ္စယာ ကမ္မဘဝေါ ဆိုတော့ အနာဂါတ် အကြောင်း၊ သူမလုပ်သေးဘူးလား၊ တဏှာဥပါဒါန်၊ ကံဟာအနာဂါတ် အကြောင်းဘဲ၊ အနာဂါတ်ခန္ဓာကြီးဟာ တကာကြီးတို့ လုပ်တန်းထားတဲ့ လူတွေလိုပါဘဲ၊ နတ်ခန္ဓာကြီး ပေါ်ချင် ပေါ်နေမယ်၊ လိုချင်ရင်မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ကဲ ပြတ်သွားလို့ရှိရင်တဏှာဥပါဒါန် ကံလာလေးရဲ့လား၊ (မလာပါဘုရား)။ မလာတော့တာကို ဘာဖြစ်လို့ မလာသတုန်းလို့ တကာကြီးဦးစိန်း၊ တဏှာဥပါဒါန်ကံ ဘာကြောင့်မလာပါလိမ့်မလဲလို့ မေးဘို့ မလိုဘူးလား၊ (လိုပါတယ်ဘုရား)။ မေးတော့ ဟောဒီ ကိုယ့်အသေကိုယ်မြင်တာမဂ်၊ ဟောဒီမဂ်က ဟောဒီပဋိစ္စသမုပ္ပါဒ် လာသမျှအနာဂါတ်တွေ ဖျက်ချတယ်၊ မပြတ်

သေးဘူးလား ဝင်ခွင့်ရသေးရဲ့လား (မရပါဘုရား) ဒါဖြင့် မဂ်ဆို
တာနှစ်ဘက်စွန်း၊ သူကတော့ဒုက္ခသစ္စာကိုသိတယ်၊ ဒီနောက်ကအာ
နာဂါတ်တကျာကိုလဲ ဖြတ်တယ်၊ မဖြတ်ဘူးလား (ဖြတ်ပါတယ်
ဘုရား) မဂ်ကို-မဂ်ကနှစ်ဘက်စွန်း၊ သူ့ကိုတော့ ဒုက္ခသစ္စာလို့ သိ
တယ်၊ ကိုယ့်အသေကိုတော့ ဘာသစ္စာလို့သိသတုန်း (ဒုက္ခသစ္စာ
ပါဘုရား) ဒုက္ခသစ္စာလို့ သိနေတဲ့နောက်က၊ လာနေကြမဲ့နိယာမ
ဘုရားဟောသိရင် ဒါဟာနိယာမလာမယ်၊ ဘုရားမပွင့်ရင် ဘာမှမ
ပေါ်ဘူး မဂ်ပေါ်သေးရဲ့လား၊ မဂ်ပေါ်တော့ ဒါနိယာမ မဖြစ်
သေးဘူးလား (ဖြစ်ပါတယ်ဘုရား) နိယာမဟာ၊ ဘုရားပွင့်လာလို့
တကာကြီးတို့ကို ဒီနိယာမဟာ နောက်ပို့ရမလား မပို့ရဘူးလား၊
နိယာမလာခွင့်ပေးသေးသလား (မပေးပါဘုရား) မပေးလို့ရှိရင်
အနာဂါတ်အစမှာ၊ တကာကြီးဦးစိန်းတို့၊ ဘာဒုက္ခသစ္စာပေါ်စရာ
လိုသေးသလား၊ (မလိုပါဘုရား) ဘဲ့နယ်ကြောင့်အနာဂါတ်ဒုက္ခ
သစ္စာတွေမလာပါလိမ့်မလို့ မေးခွန်းထုပ်လို့ရှိရင်၊ ဟောဒီအသေ
မြင်လို့၊ ဟောဒီအသေ မလာတာပါဘုရားလို့ မဆိုနိုင်ဘူးလား၊
(ဆိုနိုင်ပါတယ်ဘုရား) အသေခန္ဓာက လာသေးရဲ့လား (မလာပါ
ဘုရား) ဒါဖြင့်ဒီအသေကိုမြင်ဘို့ရာဟာဆရာကောင်းသမားကောင်း
မကပ်ရင်၊ တကာကြီးတို့ နာလယ်ဘို့ရာ မလွယ်ဘူး၊ ပေါ်ပြီလား၊
(ပေါ်ပါပြီဘုရား) ကိုယ့်အသေကိုမြင်ဘို့ဟာ၊ ဝိပဿနာကိုတကာ
ကြီးတို့က၊ ဆရာကောင်းသမားကောင်းမတွေ့ဘဲနဲ့ ဝိပဿနာဆိုတာ
ရှုရင်၊ ကျေးဇူးများတာဘဲလောက် သိလို့ကတော့၊ ခုလိုနက်နက်
နဲနဲမသိဘူး၊ ကိုယ့်အသေကိုရှုတာ ဝိပဿနာ (မှန်ပါဘုရား)။
ဝိပဿနာဆိုတာဘာပါလိမ့်မလဲ၊ (ကိုယ့်အသေကိုယ်မြင်အောင်ရှု
တာဝိပဿနာပါဘုရား) ကိုင်း သဘောကြရဲ့လား (သဘောကြ
ပါတယ်ဘုရား) ဒါဖြင့် ရထားတဲ့ခန္ဓာ သာယာဦးမလား

(မသာယာပါဘုရား) သာယာစရာမရှိအောင် ဘယ်သူကလုပ်သတုန်း ဟောဒီမြင်တာကလေးကလုပ်တယ်၊ မြင်တာကလေးကမလုပ်ဘူးလား (လုပ်ပါတယ်ဘုရား) ဒါဖြင့်ဒီမြင်တာကလေးက မဂ်လို့ဆိုလို့ ရှိယင်လွဲပါမလား (မလွဲပါဘုရား) ဒါဟာဝိပဿနာမဂ်ဘဲ၊ မဂ်အစစ်မဟုတ်သေးဘူး (မှန်ပါဘုရား) ကဲဒါဖြင့်ဒီနေ့ဒိဋ္ဌိဝိစိကိစ္ဆာ အကျမ်းသတ်ဘဲပေးမယ်၊ အနုမဟုတ်သေးဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာသတ်ယင်၊ သောတာပန်ဖြစ်ရမှာကိုး၊ ဒါဟာဒီနှစ်ခုမျက်လုံးနဲ့ အဆင်းရုပ်ကအကြောင်း၊ နာမက္ခန္ဓာလေးပါးကအကျိုး၊ အကြောင်းအကျိုးသိယင်ဒိဋ္ဌိဝိစိကိစ္ဆာကွာတယ်၊ အကြောင်းအကျိုးသိယင် တကာကြီးဦးစိန်းဘာကွာသတုန်း (ဒိဋ္ဌိဝိစိကိစ္ဆာကွာပါတယ်ဘုရား) ကောင်းပြီဒီအကြောင်းထဲမှာလဲ ငါလို့ဆိုမလားရုပ်လို့ဆိုမလား (ရုပ်လို့ဆိုပါတယ်ဘုရား) ဒီအကျိုးထဲမှာကော ငါလို့ဆိုမလားနာမ်လို့ဆိုမလား (နာမ်လို့ဆိုပါတယ်ဘုရား) ဒါဖြင့်နာမ်ရုပ်ကပြိုင်ဖြစ်နေတာ ဒိဋ္ဌိကမကွာသေးဘူးလား (ကွာပါတယ်ဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာ ကွာသွားပြီ၊ (မှန်ပါဘုရား) ဒါဟာအသိကွာရှင်းပြီလား (ရှင်းပါပြီဘုရား) အလုပ်နှင့်ကွာဒါမဟုတ်သေးဘူး (မှန်ပါဘုရား) ကိုင်းဒါကဉာတပရိညာဘဲရှိသေးတယ်၊ တီရဏပရိညာပွားရဦးမယ်၊ ပဟာနပရိညာလဲပယ်ရဦးမယ်၊ သုံးချက်မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒီသုံးချက်မပါဘဲနဲ့ တချို့ကဘဝင်မြင့်ပြီးသကာလ၊ အသိကွာကိုသူ့ဟာသူအပါယ်ကွာထင်နေတယ် (မှန်ပါဘုရား) ဒါဖြင့်ဘယ်နှစ်ခါကွာစရာရှိသတုန်းလို့ဘူတို့ကမေးယင်၊ ကွာစရာသုံးခါရှိတာပေါ့လို့ဖြေရမယ် (မှန်ပါဘုရား ကဲ ဒီဝိပဿနာရှုလို့ရှိယင်၊ မဂ္ဂင်ကငါးပါးနဲ့ရတယ်၊ ရှုတဲ့အခါကြတော့ သတိပါလို့ကောမရှုနိုင်ဘူးလား (ရှုနိုင်ပါတယ်ဘုရား) သမာဓိပါလို့ကောမရှုနိုင်ဘူးလား (ရှုနိုင်ပါတယ်ဘုရား) ဝီရိယပါလို့ကောမရှုနိုင်ဘူးလား (ရှုနိုင်ပါတယ်ဘုရား)

အမြင်ကောင်းလို့ကော မရှုနိုင်ဘူးလား၊ ( ရှုနိုင်ပါတယ်သူရား ) သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ရှင်းပြီလား (ရှင်းပါပြီဘုရား)။ အဲဒီငါးပါးရှိတယ်၊ ဒီငါးပါးက တဒင်္ဂသာပယ်နိုင်ဘယ်၊အမြစ်ပြတ်အောင် မပယ်နိုင်ဘူး၊ (မှန်ပါဘုရား)။

ကိုင်း ဒီနေ့အသိကွာကလေးဘဲရှင်းဦးမယ်၊(မှန်ပါဘုရား)။ ခန္ဓာငါးပါး တနေ့ဘယ်လောက်လဲသလဲ၊ (မရေတွက် နိုင်အောင်လဲပါတယ်ဘုရား)။မရေတွက်နိုင်အောင်လဲတယ်၊ အဲ ဒီ သူလဲတော့ တကာကြီးတို့ ဘုန်းကြီးတို့က၊ ဉာဏ်က နောက်နေပြီးတော့၊လဲပြီ လဲပြီ ပို့ သိပေးတာ ဝိပဿနာ၊ (မှန်ပါဘုရား)။ ကိုယ့်ဉာဏ် မှီသလောက်၊ ပုထုဇ္ဇဉ်ဉာဏ် မှီသလောက် လဲပြီသိရင် ဝိပဿနာ၊ (မှန်ပါဘုရား) ကုဋေ ၅၀၀၀-ကျော်ဆိုတာ ဘုရားဖြစ်မှသိတဲ့အသိ တကာကြီးတို့ ဘုန်းကြီးတို့သိတဲ့အသိမဟုတ်ဘူး၊ (မှန်ပါဘုရား) အဲ ကို မျက်စိတမှိတ် ကုဋေ ၅၀၀၀- ကျော်မြင်ရဲ့လား၊ မမြင်သေးဘူးလား၊ မမြင်သေးရင် မင်းဖြင်းလို့ မမြင်တာ ဒီလိုဆိုရင် ခက်ကောင်းခက်ရချီးရဲ့ ဘုရားဖြစ်မှမြင်တဲ့အမြင်၊ ဘုန်းကြီးတို့ တကာကြီးတို့လိုက်တာက စာပေကျန်းဂန်နဲ့ ဘုရားမဖြစ်ခင်က မြင်တဲ့အမြင်ကို ဘုန်းကြီးတို့ တကာကြီးတို့လိုက်ထာ၊ ဘုရားဖြစ်ပြီးမှ မြင်တဲ့အမြင်ကို လိုက်နေလို့ရှိရင် မောရ ယုံဘဲရှိမှာပေါ့၊(မှန်ပါဘုရား)။ဒါကြောင့် တကာကြီးဦးစိန်း။ (ဘုရား)။ ဒီနေ့ စကား နှစ်ခွန်းဘဲ ပြောမယ်၊ ဘုရားမဖြစ်ခင်ကကျင့်စဉ်တမျိုး၊ ဘုရားဖြစ်ပြီးမှ မြင်တဲ့ကျင့်စဉ်က တမျိုး၊ ဘယ်ကျင့်စဉ်လိုက်ရမလဲ၊ (မဖြစ်ခင်ကကျင့်စဉ် လိုက်ရပါမည်ဘုရား)။ အဲ့ဒါမဖြစ်ခင်က ကျင့်စဉ်၊ ဒါလိုက်ရမှာ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ ဘုရားဖြစ်ပြီးမှတော့ (နာမ်ကကုဋေ တသိန်း[illegible]ဘ[illegible]၊ ဘယ်သူလိုက်နိုင်ပါမလဲ၊(မလိုက်နိုင်ပါဘုရား)။ ရုပ်က ကုဋေ ၅၀၀၀- ကျော်ပျက်တယ်၊ ဘယ်သူ လိုက်နိုင်ပါ့

မလဲ (မလိုက်နိုင်ပါဘုရား)။ လိုက်နိုင်တဲ့လူမြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။ ဘုရားသည် ဘယ်အမြင်နဲ့ ဘုရားဖြစ်တာတုံး ငါးထောင်ကျော်မြင်မှ ဘုရားဖြစ်တာလား။ ကုဋေတသိန်းမြင်မှ ဘုရားဖြစ်တာလား၊ (မဟုတ်ပါဘုရား) သူ့ဉာဏ်နဲ့ တွေ့ပစ္စုပ္ပန်တဲ့တဲ့ကလေး၊ ဘယ်လောက်ဘဲပျက်နေပျက်နေ သူပျက်တာတွေသူမြင်လို့ ဘုရားဖြစ်တာ၊ (မှန်ပါဘုရား)။ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း နာရီစေ့သွားပြီ အလုပ်လုပ်ကြဦးစို့။

သာဓု - သာဓု - သာဓု။

# ဝိပဿနာအလုပ်တရား

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

## သံလိုက်ဆရာတော်

မဟာကြား ဆိုးမ နည်းလမ်းပြတော်မူသော တရားတော်

**၁၃၃၂ ခု-နယုန်လဆန်း(၁၃)ရက်**

(ပါဠိ)

သတ္တံ ယာဝိယ ဩမဋ္ဌော။
ဒယှမာနေဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ။
သတောဘိက္ခု ပရိဗ္ဗဇေ။

(သံယုတ်ပါဠိတော်)

(အနက်) သတ္တိယာ အသွားနှစ်ဘက်မြမြထက်သောလှံကြီးသည် ဩမဋ္ဌောဝိယ၊ လည်မျိုရင်ဝတွင် စူးယှ၍ နေသောသူကဲ့သို့ရင်း။ မတ္တကေ၊ ဦးခေါင်းတလုံး၌။ ဒယှမာနေဝ မီးလောင်၍ နေသောသူကဲ့သို့ရင်း။ ဘိက္ခု၊ **ရဟန်းသည်။** သတော၊ **မမေ့ မလျော့ မပေါ့ဆဘဲ။** သက္ကာယဒိဋ္ဌိပဟာနာယ။ သက္ကာယဒိဋ္ဌိကို ပယ်**သတ်**ခြင်းငှါ၊ **ပရိဗ္ဗဇေ** လုံ့လ ကျိုးကုတ် ဝိပဿနာ**ကို၊** **အားထုတ်ရာသတည်း။**

ဒိဋ္ဌိဖြုတ်တဲ့အခါ၊ ရင်ဝလုံးစူး၊ထိပ်ဦးမီးလောင်သည်ထက်၊ အရေးကြီးရမယ်လို့ မလာဘူးလား။ သံယုတ် ပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့တာဘဲ။ သဘောကြရဲ့လား၊ (ကြပါတယ်ဘုရား)။ ရင်ဝ လုံထိုးတဲ့ အခါမှာ၊ လှံကြီးနှင့်ထိုး လိုက်တယ်၊ ဖြေးဖြေးမှရှောင်ချင်ရှောင်ပါတဲ့၊ ဒိဋ္ဌိ အလျှင် အမြန် ဖြုတ်လိုက်ပါဦးတဲ့၊ ဟိုလှံကိုပြန်ဖြုတ်နေရင်၊ သွားရောတဲ့-တဘဝ တခါ သေတာပါတဲ့၊ ဒိဋ္ဌိမဖြုတ်လို့ အသေ မစဲ တော့ဘူးတဲ့၊ ဦးခေါင်းထိပ်မီးလောင်ရင်၊ ဖြေးဖြေးမှ ငြှိမ်းချင်ငြှိမ်းပါတဲ့။ ဒိဋ္ဌိ အလျှင်အမြန်ဖြုတ်လိုက်ပါဦးတဲ့။ (မှန်ပါဘုရား)။

ကဲ–ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ရလိမ့်မယ်၊ သေတာပန် တည်ချင် ရင်ဘာလုပ်ရမတုန်း(ဒိဋ္ဌိဝိစိကိစ္ဆာပယ်ရမယ်ဘုရား)။ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ရမယ်။ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ရမယ်ဆိုတော့၊ ဘယ်နေရာ ကပ်နေ နေလို့ပယ်ရမှာတုန်း။ (ခန္ဓာပါးပါးမှာ ကပ်နေပါတယ်ဘုရား)။ ခန္ဓာငါးပါးမှာကပ်နေတယ်။ ကောင်းပြီ ခန္ဓာငါးပါးမှာကပ်နေ တယ်ဆိုတာ။ အရင်ဥပုသ်က ရှင်းပြီးပြီ။ ဒီခန္ဓာငါးပါးကဘယ်လို ဖြစ်လာတယ် ဘယ်လိုပျက်နေတယ်လို့ မသိလို့ရှိရင်လဲ ခန္ဓာဖြစ် တာမှမသိလို့ရှိရင် ကပ်နေတယ်ဆိုတဲ့ ဒုတိယအရစ်ဟာ၊ ဘယ် နည်းနှင့်မှမခွါနိုင်ဘူး (မှန်ပါဘုရား)။ အဲဒါကြောင့် ခန္ဓာကပ် နေတာကို သိလို့ရှိရင် ခန္ဓာဖြစ်ခြင်း၏ အကြောင်းကို နားလည် ရမယ်။ ခန္ဓာဟာဘယ်က စဖြစ်တာလဲ ခန္ဓာဖြစ်ခြင်း၏အကြောင်း သည် ပဋိစ္စသမုပ္ပါဒ် (မှန်ပါဘုရား) အဲဒီပဋိစ္စသမုပ္ပါဒ်နားမလည် လို့ရှိရင် ခန္ဓာမှာ ကပ်နေတယ် ဆိုငြားသော်လည်း ခွါစရာခန္ဓာဖြစ် တာလာမှ၊ မသိလို့ရှိရင် ခန္ဓာမှာကပ်နေတဲ ဒိဋ္ဌိခွါနည်းနိသျှည်းရ မည်မဟုတ်ဘူး။ (မှန်ပါဘုရား)။ ခွါနည်းနိသျှည်း မရခဲ့သည် ရှိ သော် အမြဲတန်း ဒီသံသရာကြီးနဲ့ဘဲနေ။ ဒီသံသရာကြီးနဲ့ဘဲသေ

ဒိဒိဌ္ဌ ဝိစိကိစ္ဆာနဲ့ဘဲနေ့ ဒိဒိဌ္ဌ ဝိစိကိစ္ဆာနဲ့ဘဲသေ၊ ကုသိုလ်တွေပြုလို့ သုဂတိ ရောက်လိုက်၊ ဒိဌ္ဌိ ဝိစိကိစ္ဆာနဲ့ ဆွဲချလို့ အပါယ် လေးပါး ခံလိုက်၊ ဒီလိုချည်းသာ နေမှာဘဲ သဘောကြရဲ့လား (ကြပါတယ်ဘုရား) ဒါကို ကျိုးကျိုးစားစားမှတ်ပါ၊ ဒါအရေးကြီးတဲ့စကားထွေကြီး အခုသုံးနေတယ်၊ တကာကြီးတို့သိတဲ့ဒါန၊ တကာကြီးတို့သိတဲ့သီလဟာ ဒိဌ္ဌိမကွာဘူး၊ တကာကြီးတို့သိတဲ့ဒါနသီလဟာ၊ ဒိဌ္ဌိမကွာဘူး၊ ငါလုပ်ရင်ငါရမယ်ဆိုတာသိတယ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အဲဒီလိုငါလုပ်ရင်ငါရမယ်ဆိုတော့ စေတနာကိုငါစွဲမစွဲဘူးလား (စွဲပါတယ်ဘုရား) လုပ်ထာကစေတနာကလုပ်တယ်၊ စေတနာကိုငါစွဲစွဲနေလို့ရှိရင် ဒိဌ္ဌိရောနေတဲ့ကုသိုလ်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား) ဒိဌ္ဌိရောနေတဲ့ ကုသိုလ်ဆိုလို့ရှိရင်ဖြင့်၊ ကုသိုလ်ကအထက်ပို့တယ်၊ တကာကြီးဦးစိန်း ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား) ဟုတ်လို့ရှိရင်ကလေးမျှားစွန်လွှတ်သလိုဘဲ၊ ကျိုးအဆုံးတော့တက်သွားတာဘဲ ဒိဌ္ဌိဆိုတဲ့ရစ်လုံးနဲ့ရစ်ချလိုက်ရင်၊ အောက်ပြန်ကြတယ်၊ (မှန်ပါဘုရား) ဒိဌ္ဌိပါတဲ့ကုသိုလ်ဟုတ်လို့ရှိရင် ဆင်းလိုက်တက်လိုက်တာဖြစ်နိုင်တယ်၊ လမ်းဆုံးမရောက်ဘူး။ (မှန်ပါဘုရား) အဲသည်တော့မသိသေးတဲ့ပုဂ္ဂိုလ်အပေါင်း ဒီအတိုင်းချည်းဘဲမှတ်ပါ (မှန်ပါဘုရား) ထိုသို့သိတဲ့ပုဂ္ဂိုလ်ကလဲ ရှာမှရှာလိမ့်မယ်ဆိုတာမှတ်ပါ့ (မှန်ပါဘုရား) ပါးစပ်နဲ့အပေါ်ယံဖုံးလို့တော့ အလကားဘဲ (မှန်ပါဘုရား) ကဲဒါဖြင့်ဒိဌ္ဌိဝိစိကိစ္ဆာခွာခြင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်၊ အရင်းကျကျနားလည်အောင်လုပ်ပါ၊ ဒိဌ္ဌိဝိစိကိစ္ဆာခွာခြင်ယင်ဘာအရင်းကျကျနားလည်ရမလဲ၊ (ပဋိစ္စသမုပ္ပါဒ်အရင်းကျကျနားလည်ရပါမယ်ဘုရား) အဲဒါကိုအရင်းကျကျနားလည်ရမယ်၊ပဋိစ္စသမုပ္ပါဒ်သည်လည်း၊ အတိတ်ပဋိစ္စသမုပ္ပါဒ်၊ အနာဂါတ်ပဋိစ္စသမုပ္ပါဒ်၊ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ရှိရာတို့တွင်၊ အတိတ်လွန်ပြီးသည်သာဖြစ်၍၊ အသုံးချ

ရန်မလို၊ သိယုံလောက်ဘဲအကျိုးရှိမယ် အနာဂါတ်မရောက်သေး သည်ဖြစ်၍၊ ဘုန်းကြီးတို့တကာကြီးတို့ အသုံးချစရာအကွက်ထဲမှာမ ပါ၊ ပစ္စုပ္ပန်ယခုရောက်ဆဲယခုဖြစ်ဆဲ ပဋိစ္စသမုပ္ပါဒ်နားလည်မှသာ လျှင် ဒိဋ္ဌိဝိစိကိစ္ဆာကွာမယ်၊ သဘောကြရဲ့လား (ကြပါတယ် ဘုရား) ကိုင်းဒါဖြင့် ပစ္စုပ္ပန်အခုရောက်ဆဲအခုတွေ့ဆဲ၊ အခုဖြစ်ဆဲ ပဋိစ္စသမုပ္ပါဒ်နားလည်မှသာလျှင်၊ ဩော်ဒီဟာဟာ၊ ငါလဲမဟုတ်ပါ လား သူလဲမဟုတ်ပါလား ဆိုတဲ့ဒိဋ္ဌိပြုတ်မယ်၊ ငါလုပ်ထားတာလဲမ ဟုတ်ဘူး၊ သူလုပ်ထားတာလဲမဟုတ်ဘူးဆိုဒါကိုသိမှ၊ ဝိစိကိစ္ဆာပြုတ် မယ်၊ ဒီစကားကိုသေးသေးမမှတ်ပါနဲ့၊ တကာကြီးဦးစိန်း (မှန်ပါ ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနားလည်တော့မှ ဩော်ဒီဟာတွေဟာ ငါလဲမဟုတ်ဘူး သူလဲမဟုတ်ဘူး ရုပ်ဖြစ်စေ ခြင်းလို့ရှိရင်ရုပ်တွေဘဲ၊ နာမ်ဖြစ်စေခြင်းလို့ရှိရင်နာမ်တွေဘဲလို့သိမှ ဒိဋ္ဌိက စိစိညက်ညက် ပြုတ်သွားပါလိမ့်မယ်၊ နောက်ဒီအကြောင်း ကြောင့် ဒီအကျိုးဖြစ်လာတယ်သိမှ၊ ဝိစိကိစ္ဆာပြုတ်ပါတယ် (မှန်ပါ ဘုရား) ကဲဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာဖြုတ်ရမှာက၊ ဒီခန္ဓာပေါ်မှာနေ သလား။ ခန္ဓာဖြစ်ကြောင်းမှာနေသလားဆိုတာ၊ အရင်းကျကျလိုက် လိုက်ပါ၊ ဘယ်မှာနေသတုံး၊ (ခန္ဓာပေါ်မှာနေပါတယ်ဘုရား) ခန္ဓာပေါ်မှာနေမှဖြင့်၊ ခန္ဓာဖြစ်ကြောင်းမှမသိလို့ရှိရင်၊ ဝိစိကိစ္ဆာ ကပ်နေဦးမယ်၊ မကပ်ဘူးလား (ကပ်ပါတယ်ဘုရား)

ကိုင်းဒါဖြင့် တကာကြီးဦးစိန်း၊ နားကြီးကြီးနဲ့နားထောင် (မှန်ပါဘုရား) ခန္ဓာဖြစ်ကြောင်းကိုမသိလို့ရှိရင်၊ ဝိစိကိစ္ဆာကပ် လိမ့်မယ်၊ ခန္ဓာဖြစ်ကျိုးကိုမသိလို့ရှိရင် ဒိဋ္ဌိကပ်လိမ့်မယ်လို့မှတ်ပါ (မှန်ပါဘုရား) ခန္ဓာဖြစ်ကြောင်းကိုမသိရင် ဝိစိကိစ္ဆာကပ်လိမ့်မယ် ခန္ဓာဖြစ်ကြောင်းကြောင့် ဖြစ်ကျိုးကိုမသိရင် ဒိဋ္ဌိကပ်ပါလိမ့်မယ်၊ ဒါကိုသေသေချာချာမှတ်ပါ၊ (မှန်ပါဘုရား) ခန္ဓာဖြစ်ကြောင်း

မသိရင် တကာကြီးဦးစိန်း ဘာကပ်မလဲ၊ (ဝိစိကိစ္ဆာကပ်ပါတယ်ဘုရား) ခန္ဓာဖြစ်ကျိုးကိုမသိလို့ရှိရင်၊ တကာကြီးဦးစိန်း ဘာကပ်မဘဲ၊ (ဒိဋ္ဌိကပ်ပါမယ်ဘုရား) ဒိဋ္ဌိကပ်မယ်၊ ဒီနှစ်လုံးနဲ့ဘဲ အတော်ပိုင်ပါပြီ၊ တကာကြီးတို့အိမ်ကကျောင်းကို အလာကြီးလာပြီး သကာလ၊ စူလသောတာပန်၊ အခြေအနေမရောက်ဘဲနဲ့ မပြန်ကြပါနဲ့၊ မဟာသောတာပန်ဆိုတာကတော့၊ တကာကြီးတို့ပွားယူမှရမှာ၊ ဘုန်းကြီးကရေယူတော့လို့ပေးလို့မရဘူး၊ (မှန်ပါဘုရား)

ကဲဒါဖြင့် ဒိဋ္ဌိဖြစ်ကြောင်းကော ခန္ဓာဖြစ်ကြောင်းကောသိတယ်၊ ဒီနှစ်လုံးထဲဘဲ မှတ်စမ်းပါဦး၊ ခန္ဓာဖြစ်ကြောင်းသိရင် ဘာသေမတုံး (ဝိစိကိစ္ဆာသေပါတယ်ဘုရား) ငါအယ်ကလာပါလိမ့်မတုံးဆိုတာရှိသေးရဲ့လား၊ (မရှိပါဘုရား) ခန္ဓာဖြစ်ကျိုးသိရင်ကောဘာသေမတုံး (ဒိဋ္ဌိသေပါတယ်ဘုရား) ဒီနှစ်လုံးကတော့ တကာကြီးဦးစိန်းအေးစက်စက်လုပ်မနေပါနဲ့ အင်မတန်အရေးကြီးလို့ဘုန်းကြီးပျောနေတာ၊ (မှန်ပါဘုရား)

အဲဒါကိုတကာကြီးဦးစိန်း သေသေချာချာမှတ်ပါ၊ ဒါဟာအင်မတန်အရေးကြီးပါတယ် (မှန်ပါဘုရား) ရမ်းလိုက်လို့မရဘူး တကာကြီးတို့ရဲ့အကျိုးစီးပွားကို အလိုရှိလို့ ဘုန်းကြီးကပေးနေတာ၊ တကာကြီးတို့က လက်သိမ်းဆည်း အရယူရမည့်သူတွေဖြစ်နေတယ် ဒါဟာတသက်နဲ့တကိုယ်တွေ့ကြမှာမဟုတ်ဘူး(မှန်ပါဘုရား) အခုခဏအနိစ္စခန္ဓာကိုက၊ ခဏအနိစ္စခန္ဓာကိုယ်ကို ကပ်နေတယ်လို့ဘုန်းကြီးဟောတဲ့အထဲမှာမပါဘူးလား၊ (ပါပါတယ်ဘုရား)

ဘုန်းကြီးကလဲအနိစ္စခန္ဓာကိုယ် မမြဲတဲ့ခန္ဓာကိုယ်၊ တကာကြီးတို့ကလဲ အနိစ္စခန္ဓာကိုယ် မမြဲတဲ့ခန္ဓာကိုယ်၊ ဒီအချိန်ကလေးဘဲ တိုက်ဆိုင်နေကြလို့ ဘဝရှင်ကိုယ်ပိုင်တွေ မဟုတ်ဘူး၊ ဘုန်းကြီးပြောလို့ရှိရင် အရေးကြီးတယ်လို့ တကာကြီးဦးစိန်းတို့ကဆိုခြင်းဆို

လိမ့်မယ်၊ (မှန်ပါဘုရား)။ ဘုန်းကြီးပြောတဲ့ခန္ဓာက၊ ဒီထက်အရေးကြီးတယ်၊ ဥပမာ-တကာကြီးဦးစိန်း ဒီကလေလထုတ်တဲ့ စိတ်ခလေးကတုတ်လိုက်တယ်၊ လေပြန်ရှိုက်တဲ့လေကမလာရင် မသေဘူးလား၊ (သေပါတယ်ဘုရား) ဘုန်းကြီးပြောတာက ကြာနေလိမ့်မယ် သူသေမှာကစောလိမ့်မယ်၊ သဘောကြရဲ့လား (သဘောကြပါတယ်ဘုရား) ကိုင်းလေထုတ်တဲ့စိတ်ကလေးက လေထုတ်လိုက်တော့ တကာကြီးဦးစိန်း၊ အသက်ရှင်သေးတယ်၊ လေထုတ်နိုင်သေးတယ်၊ ပြန်ရှိုက်လိုက်တဲ့အချိန်မလာရင် မသေဘူးလား (သေပါတယ်ဘုရား) ဘုန်းကြီးပြောတာထက်၊ သူကအရေးကြီတယ်၊ သူ့အဖြစ်အပျက်ကမြန်တယ်၊ အသေကိုလုပ်မည့်တရားကမြန်တယ်၊ မမြန်ဘူးလား၊ (မြန်ပါတယ်ဘုရား) အဲဒီတော့ဘုန်းကြီးက၊ ရှုသက်ရှိုက်သက်ကလေး ရှိတုန်းပေးနေတာ၊ ရှုစိတ် ရှိုက်စိတ်ကလေးရှိတုန်းပေးနေတာ၊ ရှေ့စိတ်နောက်စိတ် ကပ်တုန်းမှာ ပေးနိုင်တာ၊ (မှန်ပါဘုရား) တကာကြီးတို့နာယူနိုင်တာကကော ရှုသက်ရှိုက်သက်ကလေးရှိတုန်း နာယူနိုင်တာ၊ ရှုစိတ်ရှိုက်စိတ်ကလေးရှိတုန်းနာယူနိုင်တာ၊ ရှေ့စိတ်နောက်စိတ် ကပ်တုန်းမှာနာယူနိုင်တာ (မှန်ပါဘုရား) ဒါဖြင့် အေးစက်စက်လုပ်မနေနဲ့ဆိုတာ အဓိပ္ပါယ်ပေါ်ရဲ့လား (ပေါ်ပါတယ်ဘုရား) တကာကြီးဦးစိန်း (ဘုရား)။ ဒါကိုနန့်နဲ့မထင်နဲ့ အဟုတ်အရေးကြီးတယ်၊ (မှန်ပါဘုရား) ဒါကြောင့်ဘုန်းကြီးက၊ ဒါဖြုပ်ရတယ်ဆိုတာ၊ တကာကြီးတို့ရိပ်မိပြီလား၊ ဒါကိုမဖြုပ်ဘဲနဲ့ ဘယ်သူ သောတပန်တည်မလဲ၊ ဘယ်သူ၊ သကဒါဂါမ်တည်မလဲ၊ ဘယ်သူ-အနာဂါမ်တည်မလဲ၊ ဘယ်သူ-ရဟန္တာလဲ၊ ဘယ်သူဘုရားလဲ၊ ဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်တော့ ဒါဟာအရေးကြီးတဲ့အလုံးမို့ အသုံးကြီးသုံးနေတယ်ဆိုဒါ တကာကြီးဦးစိန်းက၊ ကျေနပ်ပြီလား၊

(ကျေနပ်ပါတယ်ဘုရား)

ါဖြင့်ဒါဂရုစိုက်ဟုတ်ပြီလား (ဟုတ်ပါတယ်ဘုရား)သာမညထင်လို့ရပါမလား မရပါဘုရား မရဘူးသာမညထင်လို့ (မှန်ပါဘုရား) ဒီဦးပုသ်၊ တကာကြီး တော်တော်သဘောပါလာတယ်၊ ဘုန်းကြီးကအရင်းကျကျပြောနေတာကို၊ ရုပ်နာမ်သိ၊ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ဘာဘဲဆိုတာ မဟုတ်သေးဘူး၊ (မှန်ပါဘုရား) ဒါအရင်းမကြဘူးဆိုတာ ဘုန်းကြီးပြောလို့ တကာကြီးသိတယ် (မှန်ပါဘုရား)

ကဲဒါဖြင့် သဘောတပန်တည်ခြင်ရင် ဘာလုပ်ကြမလဲ (ဒိဋ္ဌိဝိစိကိစ္ဆာခွာရပါမယ်ဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာ ဘယ်မှာကပ်သတုန်း၊ (ခန္ဓာငါးပါးမှာကပ်ပါတယ်ဘုရား) ခန္ဓာငါးပါးမှာကပ်တယ်၊ ခန္ဓာငါးပါးက ဘယ်သူကဖြစ်စေလို့ဖြစ်တာတုန်း ဘယ်သူကချုပ်စေလို့ချုပ်ထာတုန်းမေးတော့၊ ပဋိစ္စသမုပ္ပါဒ်ကဖြစ်စေလို့ဖြစ်တာ၊ ပဋိစ္စသမုပ္ပါဒ်ကချုပ်စေလို့ချုပ်တာဆိုတော့၊ ပဋိစ္စသမုပ္ပါဒ်မှနားမလည်ဘဲနဲ့၊ ခန္ဓာဖြစ်ချုပ်ကို နားလည်ပါ့မလား၊ (နားမလည်ပါဘုရား) ကိုင်းနားမလည်နိုင်ဘူးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကအရင်းမကြဘူးလား၊ (ကြပါ့တယ်ဘုရား) ဘုန်းကြီးတို့ တကာကြီးတို့က အဲဒီသွားကြရမှာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)

ဘုန်းကြီးကပြောခဲ့တယ်၊ တကာကြီးတို့အသေဆိုးကြီးသေကုန်လိမ့်မယ်၊ ဒါကို မြန်မြန် လုပ်ရလိမ့်မယ်လို့ ဟောနေတာ၊ (မှန်ပါဘုရား)။ တကာကြီးတို့ကို ခြောက်လှန့်ဟောတယ်လို့ မယူကြနဲ့ ဒိဋ္ဌိလောက် ကြောစရာကောင်းတာ ရှိကိုမရှိဘူး၊ (မှန်ပါဘုရား) ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကျင့်လို့ရတဲ့ သဗ္ဗညုတဉာဏ်နှင့်ကြည့်လိုက်တဲ့အခါ ဒိဋ္ဌိလောက် အပြစ်လေးတာ ရှိကိုမရှိဘူးလို့ ဟောတော်မူတယ်၊ (မှန်ပါဘုရား) နာဟံဘိက္ခဝေ၊ အညံ ကေဓမ္မံ၊ သမနုပဿာမိ၊ လို့ဟောတော်မူတယ်။

ရမ်းလုပ်ထားဒိဋ္ဌိဘဲ၊ ဒိဋ္ဌိလောကအပြစ်ကြီးတာ ရှိကိုမရှိဘူး တဲ့ သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒိဋ္ဌိမခွာနိုင်လို့ရှိရင် အကြီးဆုံးအပြစ်သင့်တယ်၊ ပဉ္စာနန္တရိယ ကံငါးပါးကို သူ့ကြောင့် ကြူးလွန်တာ (မှန်ပါဘုရား)။ ကိုင်းဒါဖြင့် သူတို့တတွေသတ်မ ငါအမေမွေးမှာဆိုတော့သတ်ရဲတယ်၊ မသတ်ရဲဘူးလား (သတ်ရဲပါ တယ်ဘုရား) သတ်နေတဲ့လူတွေလဲအပုံကြီးဘဲ၊ ဒါဟာသူ့ထက်အ ပြစ်ကြီးတာရှိသေးရဲ့လား (မရှိပါဘုရား)

ဒိဋ္ဌိဗန္ဓနဗန္ဓသော၊ တဏှာလောဘေနဝုဍ္ဎတိလို့၊ ဟောတော်မူတယ်

ဒိဋ္ဌိရှိရင် တဏှာလာမယ်၊ တဏှာလာရင် ဥပါဒါန်လာမယ် ဥပါဒါန်လာရင် ကံလာမယ်၊ ကံလာရင် ဇာတိ၊ ဇရာ၊ မရဏ၊ လွတ်ပါဦးမလား (မလွတ်ပါဘုရား)

ကဲ ဘယ်သူ့ကြောက်စရာအကောင်းဆုံးလဲ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားမြစ်ထားကကော၊ တဏှာတားမြစ်ထားလား၊ ဒိဋ္ဌိကတားမြစ် ထားလား၊ (ဒိဋ္ဌိကတားမြစ်ထားပါဘုရား) ကဲဒါဖြင့် ဘုန်းကြီးအခု ဟောနေတာ အရေးမကြီးဘူးလား ကြီးသလား (ကြီးပါတယ် ဘုရား) ဒီအတိုင်းဘဲ၊ တကာကြီးတို့ လှူတာ တမ်းတာ၊ ပေးတာ ကမ်းတာ၊ မဟောသေးဘူး၊ ဒိဋ္ဌိခွာတို့အရေးကြီးတယ်၊ ဒိဋ္ဌိမခွာ ဘဲနဲ့ဆိုရင်စွန့်လွှတ်သလိုဘဲ၊ ကျိုးအဆုံးတော့တက်တယ်၊ နောက် ပြန်ဆွဲခြတယ်၊ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)

ဒါဖြင့်ဘာကိုအရေးတကြီးခွာရမလဲ (ဒိဋ္ဌိကိုအရေးတကြီးခွာ ရပါမယ်ဘုရား) ဒိဋ္ဌိမခွာဘဲနဲ့ တကာကြီးဦးစိန်းတို့- ဘုန်းကြီး ရှင်းပြမယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အာပေါက်အောင် အားထုပ် ဖြစ်ပျက်ကိုမြင်ခြင်လဲမြင်မယ်၊ မဂ်ကိုမရဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာခံနေတယ် (မှန်ပါဘုရား)။ အဲဒီလိုဉာဏ်နဲ့ခွာပြီးသဏ္ဍာလ ရှင်းလင်းမထား ဘဲနဲ့အားထုပ်လို့ရှိလျှင်၊ အနိစ္စမြင်၊ ဒုက္ခမြင်၊ အနတ္တမြင်၊ မြင်ခြင်

ရာမြင်၊ မင်္ဂဖိုလ်မရဘူး၊ ကိုင်းသဘောကျရဲ့လား (ကြပါ တယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိမခွာဘဲနဲ့၊ ဖြစ်ပျက်အနိစ္စတွေကြိုးစား လုပ်၊ ဖြင်ပျက်ဒုက္ခတွေကြိုးစားလုပ်၊ ဖြစ်ပျက်အနတ္တတွေကြိုးစား လုပ်၊ မြင်ပါတယ်ဆိုပေမဲ့၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ်မရဘူး၊ ဘာပြုလို့ မရတာတုန်းဆိုတော့၊ ပေါ်ပြီလား ဘာစွေ့သတုန်း၊ (ဒိဋ္ဌိစိစ်ကိစ္စာပါဘုရား) ကိုင်းဒါဖြင့်ဒိ ဋ္ဌိမကွာလို့ မရတာ၊ ဝတ္ထု ထုတ်ပြမယ်ဆိုလျှင်အများကြီးရှိတယ်၊ အနုရာဓမထေရ်ဆိုတာ၊ ခန္ဓဝဂ္ဂသံယုတ်မှာ ဖြစ်ပျက်တာတွေ အကုန်မြင်တယ်မရဘူး၊ ဒီတွင်မှ ဘုရားက၊ ဒိဋ္ဌိမကွာလို့မရတာဆိုပြီး၊ ပဋိစ္စသမုပ္ပါဒ် ပြန်ဟောရ တယ်၊ ဖြစ်ပျက်တာတွေမြင်တယ်၊ ဒိဋ္ဌိမကွာလို့မရဘူး၊ သူကငါ သိ ငါပျက်ဖြစ်နေတယ်၊ ငါပြုတ်ကဲ့လား (မပြုတ်ပါဘုရား)

ရှင်ဆန္နမထေရ်ကကော၊ ဘုရား၏-မြင်းမိုးဆွဲ ရှင်ဆန္နမထေရ် ပေါ့၊ ဖြစ်ပျက်တာတွေအကုန်မြင်တယ်၊ ဖြစ်ပျက်တာတွေသူရှုလို့ မြင်တယ်တဲ့၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်ကို၊ တခါမှမမြင်ဘူးတဲ့ သူကိုယ်တိုင်ဖွင့်ပြောတယ်၊ အဲ့ ဒီတော့မှ၊ အရှင်အာနန္ဒာဆီပြေးရ တယ်၊ ဘုရားပရိနိဗ္ဗာန်စံသွားပြီ၊ အရှင်အာနန္ဒာဆီ ပြေးတော့၊ အရှင်အာနန္ဒာက ဩြဲဒိကိုယ်တော် ဒိဋ္ဌိမကွာဘဲနဲ့ အားထုပ်နေ တာကိုဟု အရှင်အာနန္ဒာကသိတယ်၊ ဒီတော့မှ၊ ကစ္စာယနအနွယ် ဖြစ်တဲ့ရှင်ပုဏ္ဏအား ဘုရားသက်တော်ထင်ရှား၊ ရှိစဉ်က ဒီတရား ဟောခဲ့တယ်၊ ဒိဋ္ဌိကွာတဲ့တရား၊ ဒိဋ္ဌိကွာတဲ့တရား ပြန်ဟောပြလိုက် တော့၊ ရဟန္တာဖြစ်သွားတယ်၊ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် တကာကြီးတို့သိတာက ကန့်လန့်ကြီးဖြစ်မနေ ဘူးလား၊ တကာကြီးတို့က၊ ခုခြက်ခြင်းအားထုပ်ရင် နိဗ္ဗာန်ဝင် တယ်အောင်းမေ့နေတာ၊ မှတ်မိပြီလား (မှတ်မိပါပြီဘုရား) ဒါဖြင့်ရှင်းရှင်းပြောရမှာဘဲ၊ အရှင်အနုရာဓတို့လို၊ အရှင်ဆန္နတို့လိုဘဲ

ဒိဋ္ဌိမကွာဘဲနဲ့ အားထုတ်လို့မရဘူး၊ ရဟန္တာမဖြစ်နိုင်ဘူး၊ သောတပန်တော့ အရိပ်အမြွက် မြင်တော့မြင်သွားဘဲ၊ ဖြစ်လိုက်ပျက်လိုက် ခန္ဓာဉာဏ်သက်သက်မြင်တယ်၊ (မှန်ပါဘုရား)။

ညီတော်အာနန္ဒာကြတော့၊ ဘာခံနေရ သတုန်းဆိုတော့ သူက - သောတပန်ဖြစ်တော့၊ ဘုရားဝေယျာဝစ္စဘဲ ပြုနေတယ်၊ သောတပန်ဆိုတာ ပုထုဇဉ်သာသာရှိသေးတယ်၊ သူကဝေယျာဝစ္စပြုနေတော့၊ ဝေယျာဝစ္စဆိုတာ သီလမှုလာတယ် ဝိပဿနာမပါဘူး၊ သောတာပန်တည်ပြီးသည်နောက်၊ ဝေယျာဝစ္စသီလနဲ့ဘဲအချိန်ကုန်ပြီး၊ အတော်ခံနေရသေးတယ် နောက်မှ ဝိပဿနာပါပြီး ရဟန္တာဖြစ်သွားရတယ်၊ (မှန်ပါဘုရား)။

ပလိဗောဓော၊ မဂ္ဂါမိဂမနဿနိဝါရေတိ လို့ဟောတော်တယ်၊ ပလိဗောဓော၊ ဘုရားဝေယျာဝစ္စပြုနေတာသည်၊ မဂ္ဂါမိဂမနဿ၊ မဂ်ရခြင်းကို၊ နိဝါ-ရတိ တနည်းနည်းနဲ့တားမယ်၊

ကဲ အရှင်အာနန္ဒာ ဘာကြောင့် မရပါလိမ့်ဆိုတာ ရှင်းပြီးလား (ရှင်းပါပြီဘုရား) ကိုင်းဒါဖြင့်တကာကြီးတို့ကဲ ဘုရားရှေ့မှာ လက်အုပ်ကလေးချီးပြီတော့ ဆွမ်းကလေးကပ်၊ ရေကလေးလဲ၊ ပန်းကလေးလဲ။ နိဗ္ဗာရောက်မှာဘဲဆိုပြီးတော့ ဝေယျာဝစ္စခံနေတယ်၊ ဝေယျာဝစ္စဆိုဒါသီလဘဲ သီလဆိုတော့ ပလိဗောဓထဲမပါဘူးလား (ပါပါတယ်ဘုရား) ကုသိုလ်မရဘူးလားဆိုတော့ရတယ်၊ နိဗ္ဗာန်ရောက်မလားဆိုတော့၊ နိဗ္ဗာန်ရောက်တဲ့အလုပ်လုပ်မှရောက်တယ် (မှန်ပါဘုရား)။ ကိုင်းဒါဖြင့် ဘုန်းကြီးတို့တကာကြီးတို့ အရင်းရင်းကြကြပြောကြစို့ဆိုတော့၊ ပဋိစ္စသမုပ္ပါဒ်နားမလယ်ရင်ခန္ဓာမသိဘူး (မှန်ပါဘုရား)။ ခန္ဓာမသိရင်ဒိဋ္ဌိကပ်မယ် (မှန်ပါဘုရား) ဒိဋ္ဌိကပ်လို့ရှိရင်မခွာနိုင်ဘူး၊ မဂ်ရောက်ဖိုလ်ရောက်ထိအောင် ဝိပဿနာဉာဏ်နဲ့မခွာနိုင်ဘူး၊ မခွာနိုင်လို့

ရှိရင် တကာကြီးတို့ ရွှေတောင်ကြီးပေါက်အောင် လှူနေသော်လည်း၊ သောတာပန်မတည်ဘူး၊ တည်နိုင်ပါ့မလား၊ (မတည်နိုင်ပါဘုရား)။ တည်နိုင်တယ်လို့ ထုံးစံမရှိဘူး၊ ရတ်စ္စအဆုံးလက္ခဏာရေးသုံးပါးထင်မြင်တာတောင်မှ ဒိဋ္ဌိမကွာဘဲနဲ့ မြင်နေရင်၊ မရဘူးလို့ဆိုထားတော့ ကန်းကုန်နေပြီ၊ မကုန်သေးဘူးလား။

(ကုန်ပါပြီဘုရား)။

ဒါဖြင့် ဆရာသမားဆီက ဒိဋ္ဌိမခွါဘဲနဲ့ ဥာတပဋိညာနဲ့မခွါဘဲနဲ့ တီရဏပဋိညာနဲ့ အားတုတ်ပြီးတော့ ဖြစ်ပျက်တွေမြင်စေကာမူ ဒိဋ္ဌိခံနေလို့ ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော ကိလေသာရောဂါဝေဒနာပျောက်မှာ မဟုတ်ဘူး ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ တင်းတင်းပြောနေတာလို့ မအောင်းမေ့နဲ့၊အမှန်ပြောနေတာ၊ (မှန်ပါဘုရား)။ ကိုင်းဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ကြစို့၊ ပဋိစ္စသမုပ္ပါဒ်က အတိတ် ပဋိစ္စသမုပ္ပါဒ်ရှိတယ်၊ အနာဂါတ် ပဋိစ္စသမုပ္ပါဒ် ရှိတယ်၊ ဒါဟာ ဘုန်းကြီးတို့တကာကြီးတို့နဲ့ မဆိုင်ဘူး သိအောင်သာ လုပ်ထားရမယ် ဘုန်းကြီးတို့တကာကြီးတို့အလုပ်ခွင်မှာ ဝင်မလာဘူး၊ (မှန်ပါဘုရား)။ ကဲ—ဒါဖြင့် ဘုန်းကြီးတို့ တကာကြီးတို့ အလုပ်ခွင် ဝင်လာမည့်ပဋိစ္စသမုပ္ပါဒ်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်၊ ဒီပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်သည် ယနေ့တနေ့လုံးကို ဆိုသည်မဟုတ်ဘူး၊ ယခုမြင်တဲ့ အခိုက်၊ ကြားတဲ့အခိုက် ပေါ်တဲ့ပဋိစ္စသမုပ္ပါဒ်၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒါကအဆင်းရုပါရုံ၊ အဆင်းဆိုတော့ အဆင်းမျိုးစုံပေါ့၊ (မှန်ပါဘုရား)။ ဒါက ကံကလုပ်လိုက်တဲ့ မျက်လုံးပသာဒအကြည်ရုပ်၊ ဒီအကြည်ရုပ်သည် ဒီဟာနဲ့ ဒါ၊ မှန်ထဲလူထည့်တော့အရိပ်မပေါ်ဘူးလား ပေါ်သလား။ (ပေါ်ပါတယ်ဘုရား)။ ပေါ်ရမယ်၊ မပေါ်ပါနဲ့ဆိုရင်လဲ မရဘူး၊ မပေါ်ပါနဲ့ဆိုလို့မရ

တော့ပေါ်တယ်၊ ပါဠိလိုသုံးတော့ စက္ခုံစ၊ ပဋိစ္စ၊ ရူပေစ၊ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ်ပေါ်မှာဘဲ (မှန်ပါဘုရား) စက္ခုဝိညာဏ် တဝိညာဏ်တည်းသာ ပေါ်သလား၊ သမ္ပယုတ္တ ဓမ္မပါပေါ်သလား၊ (သမ္ပယုတ္တဓမ္မပါပေါ်ပါတယ်ဘုရား) ဒါဖြင့် နာမက္ခန္ဓာလေးပါး ပေါ်လာတာ၊ တကာကြီးတို့ ကျေနပ်ပြီလား (ကျေနပ်ပါတယ်ဘုရား) ကိုင်းဒါဖြင့်-ခန္ဓာဖွဲ့ကြစို့ ဒါကပဋိစ္စသမုပ္ပါဒ်၊ ဒါကပဋိစ္စသမုပ္ပါဒ်၊ ဒါကပဋိစ္စသမုပ္ပါဒ်လို့ ခဲ့မှတ်လိုက်ကြ ပါဦး၊ သူကဖြစ်ကြောင်း နှစ်ခု ဖြစ်ကြိုးကလေးခု ဖြစ်ကြောင်းနှစ်ခုပေါင်းမှ ဖြစ်ကျိုးလေးခု ဖြစ်တယ် နှစ်ခုကအကြောင်း၊ လေးခုကအကျိုး သဘောကြရဲ့လား (ကြပါတယ်ဘုရား) ဒါကိုသေသေချာချာမှတ်ပါ (မှန်ပါဘုရား)

ကဲဒါဖြင့် တကာကြီးဦးစိန်း (ဘုရား) ဒီခုပေါ်ကဟာက လေးကြည့်လိုက်ပါ၊ ယခုပေါ်လာတဲ့ပဋိစ္စသမုပ္ပါဒ်၊ အိမ်ကပါလာတာမဟုတ်ဘူး၊ အိမ်ကပါလာတာကဒီကိုဘယ်ပါလာနိုင်လိမ့်မတုန်း မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အိမ်ပေါ်ကဆင်းလိုက်ကထဲကရှိမှမရှိတော့ဘဲ ရှင်းပြီလား (ရှင်းပါပြီဘုရား)

ကောင်းပြီ ဒါဟာယခုရောက်ဆဲ ပဋိစ္စသမုပ္ပါဒ်ဆိုတာ၊ တကာကြီးတို့ ကျေနပ်ပြီလား (ကျေနပ်ပါပြီဘုရား) ဒါဟာရောက်ဆဲပဋိစ္စသမုပ္ပါဒ်၊ ရောက်ဆဲ ပဋိစ္စသမုပ္ပါဒ်ဆိုတော့၊ ရုပ်နှစ်ခု နာမ်လေးခုပေါင်းလိုက်တော့၊ ရုပ်နှစ်ခုဟာ-ရူပက္ခန္ဓာ၊ နာမ်လေးခုဟာ-နာမက္ခန္ဓာ၊ ၁ -နှင့် လေးပေါင်းလိုက်တော့ ခန္ဓာငါးပါး၊ ဒါဟာ တကာကြီးတို့ခုဖြစ်နေတဲ့ ခန္ဓာငါးပါးလား၊ အိမ်ကပါလာတဲ့ ခန္ဓာငါးပါးလား၊ အမေမွေးတဲ့ ခန္ဓာငါးပါးလားလို့ မေးလို့ရှိရင်၊ အခုအသစ်ပါဘုရားလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဒါဟာဖြစ်ဆဲအသစ်၊ ဒါကို ဘုန်းကြီးတို့ တကာကြီးတို့က ဂရုစိုက်ရမယ်၊ သူများပြောတာကို နဲနဲမှသွားမယုံနဲ့၊ သူများ

ပြောတာကိုသွားယုံနေလို့ရှိရင် တကာကြီးတို့ မရှိတာကြီးသွားရှုမိ လျှက်သားကျုံ့နေလိမ့်မယ်၊ မရောက်သေးတာနဲ့ ရှုမိလျှက်သား ကျုံ့နေလိမ့်မယ်၊ (မှန်ပါဘုရား) စာကတော့ရေးတာဘဲ၊ "ရှုပ် အတီတံ၊ အနာဂတံ၊ ပစ္စုပ္ပန္နံ" အဲဒါက သမ္မသနဉာဏ် ဟောနေ တာ၊ ဥဒယဗ္ဗယဉာဏ်ဟောနေတာမဟုတ်ဘူး၊ ဒါကပစ္စုပ္ပန် ဥဒယ ဗ္ဗယဟောနေတာ၊ သမ္မာသနကလူပြိန်းကိုဟောနေတာ၊ (မှန်ပါဘု ရား) ကဲဒါဖြင့်ခန္ဓာငါးပါးပြည့်ပြီလား (ပြေ့ပါပြီဘုရား) ဒါဟာ အိမ်ကပါလာတဲ့ ခန္ဓာငါးပါးလား၊ အမေမွေးတဲ့ခန္ဓာငါးပါးလား ယခုမှာဘိုက်ဆိုင်ပေါ်လာတဲ့ခန္ဓာငါးပါးလား (ယခုမှတိုက်ဆိုင်ပေါ် လာတာပါဘုရား) ကောင်းပြီဒါဖြင့် ဒီခန္ဓာငါးပါး သိသွားပြီ၊ ပစ္စုပ္ပန်ခန္ဓာငါးပါးရောက်ဆဲ ခန္ဓာငါးပါး၊ ဖြစ်ဆဲခန္ဓာငါးပါးသိ တာကိုဘုန်းကြီးက၊ဘုရားဟောတော်မူတဲ့တရား၊ အရင်းတော်တော် ကြသွားပြီ ဆိုနိုင်တယ်၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) မဂ်ဖိုလ်တည်ဘို့အနည်းဘဲကြံတော့တယ် (မှန်ပါဘုရား)

နို့မို့လို့ရှိရင် တကာကြီးတို့မှာ၊ သဿတဒိဋ္ဌိကခံနေမယ် ကျုတ်မသေသေးဘူး၊ အသက် ၅၀–ကျော်လာပြီ၊ ကျုတ်အရင် အတိုင်းဘဲ၊ သဿတဒိဋ္ဌိအဲဒါဖြုတ်နေတာ၊ တကာကြီးတို့က၊ မသိ လိုက်လို့၊ ခုဒိဋ္ဌိတမျှဖြုတ်လိုက်ထာ (မှန်ပါဘုရား)။

တကာကြီးဦးစိန်း (ဘုရား) အသက်ဘယ်လောက်ရှိပြီတုန်း (၅၀–ကျော်ပါပြီဘုရား) ငယ်ငယ်တုန်းကလဲဒီလိုဘဲ၊ ခုလဲဒီလို ဘဲဆိုတော့ ဘာဒိဋ္ဌိဖြစ်နေသလဲ (သဿတဒိဋ္ဌိပါဘုရား) သဿတ ဒိဋ္ဌိဖြစ်နေတယ်၊ (မှန်ပါဘုရား) အဲဒီသဿတဒိဋ္ဌိဟာက အခုဖြစ်ဆဲခန္ဓာငါးပါးကိုကျကျနနသဘောမကြလို့၊ သူရှိနေတာ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဖြစ်ဆဲခန္ဓာငါးပါးကို ယခုဖြစ်ပြီ ယခုပေါ်လာတာကို သဘောကြရမယ်ဆိုလျှင်၊ ဟိုဟာ

တွေမရှိလို့ ဒါပေါ်လာတယ်ဆိုတာကိုသိကြမယ်၊ (မှန်ပါဘုရား)
ဒါဖြင့်ဒီဥစ္စာ ဘုန်းကြီး ဘာဟောနေတာတုန်းဆိုတော့၊ သဿတဒိဋ္ဌိဖြုတ်နေတယ်ဆိုဒါပေါ်လာမယ်၊ သဿတဒိဋ္ဌိ ဘာနဲ့ဖြုတ်လိုက်သတုန်းဆိုတော့၊ ဟောဒီ အကြောင်းနှစ်ခုကြောင့် အကျိုးလေးခုဖြစ်တယ်၊ ခုမှအသစ်၊ အသစ်ဆိုတော့၊ တတိုတစမှ၊ နောက်ကမပါခဲ့ဘူး၊ဆိုတာ၊ မသေချာဘူးလား (သေချာပါတယ်ဘုရား)

တကာကြီးဦးစိန်း (ဘုရား) သေချာတော့ နောက်ကဟာတွေနဲ့ဘာမျှ ဘုန်းကြီးတို့ တကာကြီးတို့ သည်ကားလို့ဆိုလို့ရှိယင်ဖြင့်၊ အဆက်အသွယ်မရှိဘူးလို့ ဒီလိုလဲ့ယူလိုက်ပါနဲ့၊ အဆက်အသွယ်နဲ့နဲ့ရှိတယ်၊ အဆက်အသွယ်မရှိဘူးဆိုရင် ဥစ္ဆေဒဘက်၊ တကာကြီးတို့ပြေးတော့မယ်၊ မပြေးဘူးလား (ပြေးပါတယ်ဘုရား)

ဒါဖြင့် အခုသဿတ-စဉ်အောင်လုပ်တော့ ဥစ္ဆေဒ၊ တကာကြီးတို့ သွားကပ်မယ်၊ ရှင်းပြီလား၊ (ရှင်းပါတယ်ဘုရား) သဿတတော့ စဉ်မသွားဘူးလား (စဉ်သွားပါတယ်ဘုရား) ဟိုကပါလာတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) အဲဒီတော့ ဒါအသစ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အသစ်ခန္ဓာငါးပါး ဆိုကတည်းက၊ သဿတခိုင်မြဲတာကြီးပါသေးရဲ့လား၊ (မပါပါဘုရား) အဲဒါဖြင့်၊ သဿတကတော့ စဉ်သွားပြီ၊ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား) အမေမွေးလာတာ၊ ဒီအထဲ ဒီထဲမှာပါသေးရဲ့ (မပါပါဘုရား) ပါလာတယ်ဆိုရင်ဘာဒိဋ္ဌိဖြစ်မလဲ (သဿတဒိဋ္ဌိဖြစ်ပါမယ်ဘုရား) အဲဒါစဉ်သွားပြီ၊ သဿတဒိဋ္ဌိစဉ်သွားပြီ၊ သဘောကြရဲ့လား (ကြပါတယ်ဘုရား) ကာကြီးဦးစိန်း (ဘုရား) အမေမွေးလာတာ ဒီထဲမှာ၊ တတိုတစပါသေးရဲ့လား (မပါပါဘုရား) အခုမှအသစ်ပေါ်တဲ့ ခန္ဓာငါးပါး (မှန်ပါဘုရား)
ဒါဖြင့်နဂိုရ်က ထင်နေတာတွေ၊ ကျွတ်ကြီးလာပြီ၊ ငယ်ရာကကြီး

လာတယ် ဆိုတာတွေ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)။ တကာကြီးဦးစိန်း၊ (ဘုရား)။ ငယ်ရာက ကြီးလာတယ်ဆိုရင် သဿတဒိဋ္ဌိ၊ အဲဒီ သဿတဒိဋ္ဌိရှိသေးရဲ့လား၊ (မရှိပါဘုရား)။ ဒါသိသွားလို့ရှိရင် ယခုရောက်ဆဲ ခန္ဓာငါးပါးသိတော့ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။ ကဲမရှိဘူးဆိုတော့၊ ဘုန်းကြီး ဘာဟော နေပါလိမ့်မတုန်း ဆိုပြီးတော့ တကာကြီးတို့ကလက်သယ်ရှာမနေနဲ့ သဿတဒိဋ္ဌိကိုသတ်နေတာ၊(မှန်ပါဘုရား)။ ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာ ငါးပါးသိရသဖြင့် ခုမှပေါ်တဲ့ ခန္ဓာငါးပါး သိရသဖြင့် ဘာဒိဋ္ဌိ သေသတုန်းလို့၊ တကာကြီးဦးစိန်းမေးရလိမ့်မယ်၊ ဘယ်ဒိဋ္ဌိ သေ သွားသတုန်း၊ (သဿတဒိဋ္ဌိပါဘုရား)။ ဒါဟာ ပြလိုက်ယုံနဲ့ သေသွားတာ၊ သဿတဒိဋ္ဌိ သေတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။ ကိုင်းဥစ္ဆေဒ ကျန်နေသေးတယ်၊ အခုမှအသစ်ဆိုတော့ ဟိုကဟာတွေနဲ့ မဆက်သွယ်တော့ဘူးဆိုတော့ ဥစ္ဆေဒ ဖြစ်မနေဘူး လား (ဖြစ်နေပါတယ်ဘုရား)။ ဥစ္ဆေဒဒိဋ္ဌိက ကျန်နေပြန်တယ်။ ဒိဋ္ဌိက ဟိုကပ်ဒီကပ်နဲ့ လူ့လွယ်အိတ်ဖြစ်နေတယ်၊ လူ့လွယ်အိတ် ဆိုတာဒီဘက်ပုခုံးချိတ်လိုက်ယင် ဒီဘက်ခါးကပ်နေတာဘဲ၊ ဒီဘက် ပုခုံးချိတ်လိုက်လို့ရှိယင်လဲ ဒီဘက်ခါးကပ်နေပြန်တယ်၊ ဒိဋ္ဌိက ကပ် ကြီးနေတာဘဲ၊ ဒါကြောင့် လူ့လွယ်အိတ်ဖြစ်နေတယ်ပြောတာ။

(မှန်ပါဘုရား)။

ကိုင်းခု သဿတတော့စင်သွားတယ်၊ တကာကြီးဦးစိန်း၊ (ဘုရား)။ ဥစ္ဆေဒကပ်နေတယ်၊ ဒီ ဒိဋ္ဌိနှစ်ခုရှိယင် မဂ်ဖိုလ်တား လိမ့်မယ်၊မတားဘူးလား၊ (တားပါတယ်ဘုရား)။ ဘုရားကအလယ် လမ်း သွားရမယ်ဆိုထားကိုး၊ သဿတလမ်းလဲမလိုက်နဲ့တဲ့၊ ဥစ္ဆေဒ လမ်းလဲမလိုက်နဲ့တဲ့၊ အလယ်လမ်းကို လိုက်ဆိုတော့ ဘုန်းကြီးတို့ တကာကြီးတို့ အလယ်လမ်းကို သွားရလိမ့်မယ်၊ (မှန်ပါဘုရား)။

ဒါကြောင့် ဒီတရားမျိုးဟောရတာ ဘုန်းကြီးက မလွယ်ဘူးလို့ ပြောတာ၊ (မှန်ပါဘုရား)။ ကဲ ဥစ္ဆေဒခွါတော့မယ်နော် သဿတ ရှင်းရှင်းကွာပြီလား၊ (ကွာပါပြီဘုရား)။ ဖြစ်ပျက်မပါဘဲနဲ့ ကွာနေတာ၊ အသိနဲ့ ကွာတာလို့ မှတ်ထားကြ၊ ဘာနဲ့ ကွာသလဲ တကာကြီး ဦးစိန်း၊ (အသိနဲ့ ကွာပါတယ်ဘုရား)။ အသိနဲ့ ကွာတာ၊ ဥစ္ဆေဒ အသိနဲ့ ကွာအောင်လုပ်ပေးဦးမယ်။ (မှန်ပါဘုရား)။

ကိုင်းဒါက မျက်လုံးအကြည့်ရုပ်ဆိုတော့ စက္ခုပသာဒရုပ်ပေါ့၊ ဒါကိုရူပါရုံဆိုတာလဲ၊ ကံ စိတ် ဥတု အဟာရတို့ကြောင့် ဖြစ်တဲ့ရုပ်လို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။ ဒါကတော့ အာရုံဒွါရကြောင့် ဖြစ်တဲ့ နာမ်လို့ မဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါတယ်ဘုရား)။ ဒါဖြင့် ဒီကံ တည်းဟူသော အကြောင်း ကင်းရှဲလဲ ဒီရုပ်ဖြစ်နိုင်ပါမလား၊ (မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်ဘူး၊ ဒါဖြင့် အကြောင်းနဲ့ အကျိုးနဲ့ ဆက်သေးတယ်ဆိုတော့ ဥစ္ဆေဒ ဒိဋ္ဌိ လွတ်မသွားဘူးလား၊ (လွတ်သွားပါတယ်ဘုရား)။ ကဲဒါဖြင့်— တကာကြီးဦးစိန်း၊ အရင် ဦးပုသ်ကပြောလိုက်တယ်၊ ဒီခုံပေါ်က ပစ္စည်းတွေလဲ ဥတုကြောင့်ဖြစ်ထားဘဲ၊ ဥတုချည်းဘဲ— အကြောင်းကင်းရဲ့လား၊ (မကင်းပါဘုရား)။ ဥတုရုပ်တွေ ဒီခုံပေါ်က ပစ္စည်းတွေက မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။ ဒါလဲဥတုတည်းဟူသောအကြောင်းမကင်းဘူး၊ (မှန်ပါဘုရား)။ ဥတုတည်းဟူသောအကြောင်းကြောင့် ဖြစ်တဲ့အကျိုးတရားတွေဆိုတော့ အကြောင်းအကျိုးဆက်မနေဘူးလား၊ (ဆက်နေပါတယ်ဘုရား)။

ဒါဖြင့် ကံ ဥတုကြောင့် ဒီကကံ၊ ဒီက ဥတု၊ ကံ·ဥတုနှစ်ခုပေါင်းပြီး လုပ်လိုက်တဲ့ အကျိုးတရားကလေး ဆိုရင်ကော လွဲပါ့မလား၊ (မလွဲပါဘုရား)။ မလွဲဘူး သူတို့ဖြစ်လာတာလဲနောက်ကြောင်းလုံးဝကင်းသလားလို့ မေးလို့ရှိရင် ဘယ့်နဲ့ ဖြေမလဲ၊

(မကောင်းပါဘုရား)။ မကောင်းဘူး၊ မကောင်းခြင်းကြောင့် ဥစ္ဆေဒကလဲ့ လွတ်သွားတယ်၊ အကြောင်းကောင်းတယ်ဆိုရင် ဥစ္ဆေဒဖြစ်မှာဘဲ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ကဲဒါဖြင့်မကောင်းခြင်းကြောင့် ဒီခန္ဓာငါးပါးအပေါ်မှာ၊ တကာကြီးတို့သဿတဒိဋ္ဌိကော နောက်ကနာမ်ရုပ်လို့လဲ ဆိုလို့ရသေးရဲ့လား၊ (မရပါဘုရား) မရဘူး နောက်က၊ အကြောင်း ကောင်းသလားလို့ မေးပြန်တော့ကော (မကောင်းပါဘုရား) အဲဒီလိုနှစ်ခုနားလယ်လို့ရှိယင်၊ ဒီခန္ဓာငါးပါးအပေါ်၌၊ သဿတဥစ္ဆေဒ လွတ်သွားပြီ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား) တကာကြီးဦးစိန်း ဒါကိုသေသေချာချာရှင်းမှ၊ တော်တော်ခက်တယ်၊ ဒီဥစ္စာ သဿတ ဥစ္ဆေဒကြားကိုသွားရမှာ (မှန်ပါဘုရား) တကာကြီးဦးစိန်း၊ နိဗ္ဗန်သွားခြင်ရင်၊ အလယ်လမ်းက သွားရမှာ၊ သဿတလဲစဉ်မှ၊ ဥစ္ဆေဒတဲ့စဉ်မှ၊ ဒီခန္ဓာငါးပါးအပေါ်၌ ဖြစ်ပျက်မြင်ပြီနိဗ္ဗာန်ဝင်ရမှာကိုး (မှန်ပါဘုရား) တကာကြီးဦးစိန်း (ဘုရား) အိမ်ပြန်ပြေးခြင်းသေးသလား (မပြေးခြင်ပါဘုရား) မပြေးနဲ့ ဒါနာလည်အောင်လုပ် ပြေးတာကအပယ်လေးပါးပြေးတာနဲ့ အတူတူဘဲ၊ အိမ်ပြန်ပြေးတာ မဟုတ်ဘူး ဒိဋ္ဌိတန်းလန်းနဲ့ အပါယ်လေးပါးပြေးတာ၊ (မှန်ပါဘုရား)

ကဲနာရီစေ့သွားပြီ အလုပ်ခွင်ဝင်ကြဦးစို့။

သာဓု။ သာဓု။ သာဓု။

# နိဗ္ဗာန်ရောက်ကြောင်းတရားတောင်း

အတိတ်ဘဝကစ၍၊ ယခုဘဝ-ယခုအချိန်အထိ၊ ပြုပြုခဲ့သောကုသိုလ်ကောင်းမှုတို့၏၊ အဖိုဘာဂတို့ကို၊ သုံးဆယ့်တဘုံ၌၊ ကျဉ်လည်ကြကုန်သော၊ ဒုက္ခိတသတ္တဝါ၊ သုခိတသတ္တဝါ အပေါင်းတို့အား၊ အမျှပေးဝေပါကုန်၏၊ အမျှရကြ၍၊ ကိုစိတ်နှစ်ဖြာချမ်းသာကြသည်၊ ဖြစ်ပါစေကုန်သတည်း၊ သာသာသနာစောင့်၊ နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့သည်၊ ကျွန်ုပ်၏-တရားအားထုတ်ရာ၌၊ စောင့်ရှောက်ပါရန်-တောင်းပန်ပါ၏၊ မဖြစ်မှားသင့်မဖြစ်မှားထိုက်သော-ပုဂ္ဂိုလ်များအပေါ်၌၊ဖြစ်မှားမိတာရှိခဲ့လျှင်၊ ခွင့်လွှတ်ပါရန်၊ တောင်းပန်ပါ၏၊ ကျွန်ုပ်အပေါ်၌ ဖြစ်မှားမိတာရှိခဲ့လျှင်၊ ခွင့်လွှတ်ပါ၏-ဘုရား၊ရတနာ -တရား-ရတနာ သံဃာ-ရတနာ ရတနာမြတ်သုံးပါးတို့နှင့်တကွ၊ ဆရာသမားတို့အား ရုပ်နာမ်နှစ်ပါးကို၊ လှူဒါန်းပါ၏၊ အရဟံအစ-ဘဂဝါအဆုံးရှိသော ဂုဏ်ကိုးပါးတို့နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ကမ္မဋ္ဌာန်းတရားများကို၊ ထင်ထင်ရှားရှား ပေးသနားတော်မူပါ-အရှင်ဘုရား။

## ဤတွင် ပဋ္ဌမအဆင့် ဝိပဿနာအလုပ်တရား ပြီးပါပြီ။

ဘုရားဟောတရားနှင့်တကွ
သံဃာတော်နည်းအသီးသီးမှ

ရှာဖွေတွေ့ရှိသော

# သံလိုက်ဆရာတော်၏
# ဝိပဿနာလုပ်ငန်းစဉ်စာအုပ်

ကို

ကောင်းမှုရှင်များမှ–ဓမ္မဒါနဖြစ်စေလို၍
ရောင်းချခြင်းမပြု–ပေးငှဝေအမှု'လှူဒါန်းခြင်းပြုပါသည်။
ပဌမရိုက်နှိပ်ခြင်း စာအုပ်ရေ( ၅၀၀ )


ဘာသာရေးခွင့်ပြုချက် (၄၃၆၈)
ထုတ်ဝေသူ ဦးကောဝိဒ (ကင်းလွတ်ခွင့် ၀၁၃၄၅)
လောကပမိယကျောင်း၊ ဗားကရာတိုက်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ဒေါ်လှကြည် (၀၁၅၄၆)
ခစ်ရှင်ကောလိပ်ပုံနှိပ်တိုက်၊ဗါးကရာလမ်း–ကြည့်မြင်တိုင်